# အာဆီယံသစ်ဆွေးမြေဒေသ
# စီမံအုပ်ချုပ်မှုမဟာဗျူဟာ



တည်ထောင် - ပူးပေါင်းဆောင်ရွက်သည့် မိတ်ဖက်အဖွဲ့အစည်း

Global Environment Centre

(ကမ္ဘာပတ်ဝန်းကျင်ရေးရာ ဗဟိုဌာန)

# အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ သစ်ဆွေးမြေဒေသ ရေရှည်စီမံအုပ်ချုပ်မှုအတွက် မဟာဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

## အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှု ပဏာမ အကောင်အထည် ဖော်ဆောင်ရွက်ရေးမူဘောင်အရ

၂၂ ကြိမ်မြောက် အာဆီယံအဆင့်မြင့်အရာရှိကြီးများ၏ သဘာဝပတ်ဝန်းကျင် မီးခိုးမြူငွေ့ဆိုင်ရာ ကျွမ်းကျင်သူ လုပ်ငန်းအဖွဲ့အစည်းအဝေး (၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၁၅-၁၆၊ ဘင်ဒါဆါရီဘီဂါဝမ်၊ ဘရူနိုင်းဒါရုဆလန်၊) နှင့် ၁၂ ကြိမ်မြောက် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၀ရက် စီဘူး၊ ဖိလစ်ပိုင်) တို့မှ အတည်ပြုသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အသေးစိတ်ဆွေးနွေးတိုင်ပင်၍
ကမ္ဘာ့ပတ်ဝန်းကျင်ရေးရာဗဟိုဌာန ( GEC ) ၏ အကူအညီဖြင့်
အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ပြင်ဆင်ဆောင်ရွက်သည်။

ဤမြန်မာဘာသာမူကို FREDA မှဘာသာပြန်ဆိုပါသည်။

ဤမြန်မာဘာသာမူစာတမ်းကို EU ရန်ပုံငွေဖြင့် ထုတ်ဝေပါသည်။

European Union

(ဥရောပသမဂ္ဂ)

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)သည် ၁၉၆၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်သည်။ အသင်းဝင်နိုင်ငံများမှာ ဘရူနိုင်းဒါရူဆလင်၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံများ ဖြစ်ပါသည်။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးသည် အင်ဒိုနီးရှားနိုင်ငံ၊ ဂျာကာတာမြို့တွင် အခြေစိုက်ပါသည်။

စုံစမ်းမေးမြန်းလိုက၊ ဆက်သွယ်ရန်
ပြည်သူရေးရာအဖွဲ့ရုံး၊
အာဆီယံအတွင်းရေးမှူးရုံး
၇၀ က၊ စီစင်ဂမင်ဂရာဂျာလမ်း
ဂျာကာတာ ၁၂၁၁၀
အင်ဒိုနီးရှား
တယ်လီဖုန်း (၆၂ ၂၁) ၇၂၄-၃၃၇၂ယ ၇၂၆-၂၉၉၁
ဖက်စ် (၆၂ ၂၁) ၇၃၉-၈၂၃၄ယ ၇၂၄-၃၅၀၄
အီးမေး public@aseansec.org

အာဆီယံအထွေထွေသတင်းအချက်အလက်များကို ဖော်ပြထားသည့်ဝက်ဆိုက်
ASEAN Website www.aseansec.org

ပုံနှိပ်ထုတ်ဝေသည့်နေ့

အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ
ဂျာကာတာ၊ အာဆီယံအတွင်းရေးမှူးရုံး၊ ၂၀၀၇ - ဇန်နဝါရီလ

၁၊ သစ်ဆွေးမြေဒေသ - စီမံအုပ်ချုပ်မှု - အာဆီယံ
၂၊ သစ်ဆွေးမြေဒေသ - စီမံအုပ်ချုပ်မှု - အာရှ - အရှေ့တောင်
၃၊ သဘာဝပတ်ဝန်းကျင် - စီမံအုပ်ချုပ်မှု - အာဆီယံ

၃၃ - ၇၃၅၉

ISBN အပြည်ပြည်ဆိုင်ရာစာအုပ်သညာမှတ် ---

ဤစာအုပ်ပါအချက်အလက်များကို စနစ်တကျအသိအမှတ်ပြုဝန်ခံချက်ဖြင့် လွတ်လပ်စွာ အကိုးအကားပြုခြင်း၊ ပြန်လည်ထုတ်ဝေခြင်းများ ပြုလုပ်နိုင်ပါသည်။

မူပိုင် - အာဆီယံအတွင်းရေးမှူးရုံး ၂၀၀၇
မူပိုင်ခွင့်မှတ်ပုံတင်ပြီး

ဤမြန်မာဘာသာမူကို ၂၀၁၁ ခုနှစ်တွင် ပထမအကြိမ်ပုံနှိပ်သည်။
မြန်မာနိုင်ငံတွင် ပုံနှိပ်သည်။

# ကျမ်းဦးစကား

အာဆီယံအဖွဲ့ဝင်နိုင်ငံများက အရှေ့တောင်အာရှဒေသရှိ သစ်ဆွေးမြေဒေသများအား စီမံအုပ်ချုပ်မှုအပေါ် အထောက်အကူပြုမည့် လမ်းညွှန်မှုများ ပြုလုပ်နိုင်ရန်အတွက် အရှေ့တောင်အာရှ(အာဆီယံ)အဖွဲ့ဝင်နိုင်ငံများရှိ သစ်ဆွေးမြေဒေသများ ရေရှည်စီမံအုပ်ချုပ်မှုမဟာဗျူဟာနှင့် အကောင်အထည်ဖော်မှု အစီအစဉ်(APMS)တစ်ရပ်ကို သက္ကရာဇ် ၂၀၀၆–၂၀၂၀ကာလအတွင်း ရေးဆွဲနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုအား အထောက်အကူပြုနိုင်မည့် အလားအလာနှင့် သစ်ဆွေးမြေဒေသ မီးလောင်မှုအန္တရာယ်နှင့် ဆက်နွယ်လာသည့် မီးခိုးမြူမှုန်များကြောင့် ဒေသအတွင်း ကျန်းမာရေးနှင့် စီးပွားရေးထိခိုက်မှုအခြေအနေများကို တွေ့မြင်နေရသဖြင့်၊ သစ်ဆွေးမြေဒေသအား ရေရှည်စီမံအုပ်ချုပ်မှုနှင့် အကျိုးရှိစွာ အသုံးချမှုတို့အပေါ် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများက အာရုံစူးစိုက်လာ၍၊ ဤအာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ (APMS) ကို ရေးဆွဲရခြင်း ဖြစ်ပါသည်။ အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှု မဟာဗျူဟာ (APMS) ကို အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း (APMI)နှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းခြင်းဆိုင်ရာ အာဆီယံ သဘောတူညီချက် မူဘောင်များအတွင်း ရေးဆွဲထားပါသည်။

အာဆီယံသစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း (APMI) ကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌၊ ၂၀၀၂ခုနှစ်၊ ဇွန်လ ၁၁ ရက်နေ့တွင် ကျင်းပခဲ့သည့် န၀မအကြိမ်မြောက် အာဆီယံမီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေး (AMMH) တွင် ပထမဦးဆုံး စတင်အဆိုပြုခဲ့ပါသည်။ မနီလာမြို့၌၊ ၂၀၀၃ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကျင်းပခဲ့သည့် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ ၂၀ကြိမ်မြောက် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ကျွမ်းကျင်သူလုပ်ငန်းအဖွဲ့

(ASOEN-HTTF) ၏ အစည်းအဝေးတွင် အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ရေးလုပ်ငန်း (APMI) ကို မူလလုပ်ငန်း စီမံချက် (၂၀၀၃–၂၀၀၅) နှင့်အတူ လက်ခံအတည်ပြုခဲ့ပါသည်။ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း (APMI) ကို ကမ္ဘောဒီးယားနိုင်ငံ၊ ဆီယံရိ (Siem Reap) ၌ ၂၀၀၃ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သော ဒသမအကြိမ်မြောက် မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး (AMMH) က အထူးအလေးပေး ဆွေးနွေးခဲ့ကြပါသည်။

ဒေသဆိုင်ရာ မဟာဗျူဟာတစ်ရပ် ဖြစ်ပေါ်လာရေးသည် အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း (APMI) ၏ ၂၀၀၃–၂၀၀၅ မူလလုပ်ငန်းစီမံချက်တွင် ပါဝင်သည့် အစီအစဉ်များအနက် တစ်ခုဖြစ်ပါသည်။ ၎င်း၏နောက်ဆက်တွဲအနေဖြင့် အာဆီယံအဖွဲ့ဝင် နိုင်ငံတိုင်း အား၊ နိုင်ငံအလိုက်အစီရင်ခံစာနှင့် နောက်ခံအချက်အလက်များပြုစု၍ အင်ဒိုနီးရှား နိုင်ငံ ဘိုဂေါမြို့၌၊ ၂၀၀၃ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပခဲ့သည့် APMI ၏ ပထမအကြိမ်၊ ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြကြရန် မေတ္တာရပ်ခံခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲတွင် မဟာဗျူဟာ၏ အနှစ်ချုပ် မူကြမ်းနှင့် ယင်းမဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သည့် လုပ်ငန်းစဉ်များကို သဘောတူညီခဲ့ပါသည်။ အာဆီယံ အထွေထွေအတွင်းရေးမှူး ချုပ်ရုံးသည် ကမ္ဘာ့ပတ်ဝန်းကျင်ရေးရာ ဗဟိုဌာန (GEC) ၏ အကူအညီဖြင့် APMI ၏ မိတ်ဖက်အဖွဲ့အစည်းများ၊ အထောက်အကူပြုအဖွဲ့များနှင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများထံမှ စုဆောင်းရရှိထားသည့် တင်ပြချက်များ၊ ထင်မြင်ဝေဖန် ချက်များနှင့်တကွ သစ်ဆွေးမြေဒေသဆိုင်ရာ ညီလာခံများနှင့် အလုပ်ရုံဆွေးနွေး ပွဲများမှရရှိသည့် နိုင်ငံအလိုက်အစီရင်ခံစာများ၊ တင်ပြချက်များ၊ ထောက်ခံချက် များနှင့် ညှိနှိုင်းဆွေးနွေးချက်များ စသည်တို့ကို ထည့်သွင်းအသုံးပြု၍ အနှစ်ချုပ် မူကြမ်းကို ဒေသဆိုင်ရာ မဟာဗျူဟာ တစ်ရပ်အဖြစ် တိုးတက်ဆောင်ရွက်

ခဲ့ပါသည်။ ဒေသဆိုင်ရာ မဟာဗျူဟာ ပထမမူကြမ်းကို ၂၀၀၄ခုနှစ်၊ ဇူလိုင်လတွင် အာဆီယံ အထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ဖြန့်ဝေပေးခဲ့ပါသည်။ အာဆီယံ အဖွဲ့ဝင်နိုင်ငံများကိုလည်း မိမိတို့သက်ဆိုင်ရာ နိုင်ငံအလိုက် အမျိုးသားအဆင့် ဆွေးနွေးပွဲများ ပြုလုပ်၍ မဟာဗျူဟာမူကြမ်းအပေါ် သွင်းအားစုများဖြင့် ဖြည့်စွက်ပံ့ပိုး ဆောင်ရွက်ကြရန် မေတ္တာရပ်ခံခဲ့ပါသည်။

ဒေသဆိုင်ရာ မဟာဗျူဟာ ပထမမူကြမ်းအပေါ် အမျိုးသားအဆင့် တိုင်ပင်ဆွေးနွေးပွဲများကို ၂၀၀၄ခုနှစ်၊ ဇူလိုင်လမှ ၂၀၀၅ခုနှစ်၊ မေလအတွင်း ကျင်းပခဲ့ကြပါသည်။ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းနှင့် ဗီယက်နမ်စသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့သည် အမျိုးသားအဆင့် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးများကို ကျင်းပခဲ့ကြပါသည်။ အချို့နိုင်ငံများကမူ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းတိုင်ပင်ပြီး ယင်းတို့၏သဘောထားမှတ်ချက်များကို စုစည်းပေးပို့ခဲ့ပါသည်။ အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲ၏ ရလဒ်များကို ပေါင်းစည်း၍ ဒေသဆိုင်ရာ မဟာဗျူဟာမူကြမ်းကို အပြီးသတ်ရေးဆွဲနိုင်ရန် APMI ၏ ဒုတိယအကြိမ် ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌၊ ၂၀၀၅ခုနှစ်၊ မေလကုန်တွင် ကျင်းပခဲ့ပါသည်။ ယင်းဒေသဆိုင်ရာ မဟာဗျူဟာမူကြမ်းသည် ဒုတိယအကြိမ် ဒေသဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ၏ ဆွေးနွေးညှိနှိုင်းချက်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMCs) များထံမှ နောက်ဆုံးရရှိသည့် သတင်းအချက်အလက်များကို ပေါင်းစပ်ပြုစုထားခြင်း ဖြစ်ပါသည်။

ယင်းမဟာဗျူဟာတွင် အောက်ပါရည်ရွယ်ချက် (၄)ရပ်ကို အဓိကထား၍ ဦးစားပေးဖော်ပြထားပါသည်။

– သစ်ဆွေးမြေဒေသနှင့်ပတ်သက်သည့် အသိပညာ ဗဟုသုတမြှင့်တင်ရန်။
– နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းလာမှုများကို ဖော်ထုတ်ညှိနှိုင်းပြရန်။

- သစ်ဆွေးမြေဒေသ ရေရှည်စီမံအုပ်ချုပ်မှုကို တိုးတက်ကောင်းမွန်လာစေရန်။
- သစ်ဆွေးမြေဒေသပြဿနာများကို ဒေသအတွင်း စုပေါင်းညှိနှိုင်းဖြေရှင်းရေးကို အားပေး၍ ပိုမိုတိုးတက်ဆောင်ရွက်စေရန်။

အဆိုပါ မဟာဗျူဟာတွင် အထက်ဖော်ပြပါရည်ရွယ်ချက်တစ်ခုဖြစ်စေ၊ ပို၍ဖြစ်စေ ဖော်ဆောင်ရာတွင်၊ အထောက်အကူပြုမည့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရည်မှန်းချက်လုပ်ငန်းစဉ်များပါဝင်ပြီး ယင်းအသေးစိတ်ဆောင်ရွက်ရမည့်လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ရေးနှင့် လုပ်ငန်းစဉ်များကို သတ်မှတ်သော အချိန်ကာလဘောင်အတွင်း လုပ်ဆောင်ကြရမည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အခြားသော အကောင်အထည်ဖော်ဆောင်ရွက်မည့် အဖွဲ့အစည်းများနှင့် မိတ်ဖက်အဖွဲ့အစည်းများ လမ်းညွှန်သဖွယ် အသုံးပြုနိုင်လိမ့်မည်ဖြစ်ပါသည်။ သစ်ဆွေးမြေဒေသ မီးလောင်ကျွမ်းခြင်း၊ မီးခိုးမြူငွေ့ပြဿနာ၊ သစ်ဆွေးမြေထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် ရေရှည်စီမံအုပ်ချုပ်ရေးနှင့် သစ်ဆွေးမြေဒေသဆိုင်ရာ သုတေသနနှင့်စီမံအုပ်ချုပ်မှုနည်းစနစ်များ စွမ်းဆောင်ရည်မြှင့်တင်ရေးစသည်တို့ကို ဒေသအတွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကွန်ယက်သဖွယ်ပေါင်းစပ် ဆောင်ရွက်ရေးနှင့် တိုးတက်လိုအပ်လာသည်နှင့်အမျှ ဤမဟာဗျူဟာသည် ဒေသအတွင်း သစ်ဆွေးမြေဒေသဆိုင်ရာ ပြဿနာရပ်များကို ဖြေရှင်းရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား တရားဝင်ပူးပေါင်းဆောင်ရွက်မှုရရှိစေရန် အဓိကအခန်းကဏ္ဍတစ်ခုအနေဖြင့် ရပ်တည်နိုင်မည်ဖြစ်ပါသည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည်၊ အထွေထွေမျှော်မှန်းချက်များနှင့် လုပ်ငန်းစဉ် ရည်ရွယ်ချက်များရရှိစေရန်အတွက်၊ အမျိုးသားအဆင့် မဟာဗျူဟာကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပံ့ပိုးကူညီပေးကြရန် တာဝန်ရှိပါသည်။ ယင်းသို့ အာဆီယံနိုင်ငံများအတွင်း ထပ်ဆင့်၍ အမျိုးသားအဆင့်ညှိနှိုင်းဆွေးနွေးပွဲများကျင်းပခြင်းဖြင့် တိုးတက်ဖြစ်ပေါ်လာမည့် "အမျိုးသားအဆင့် လုပ်ငန်းစီမံချက်" (NAP) ကို ရေးဆွဲအတည်ပြုပြီး ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

# အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ

## ၁။ အာဆီယံဒေသအတွင်း သစ်ဆွေးမြေအကြောင်း မိတ်ဆက်ခြင်း

အောက်တွင်ဖော်ပြထားသည့် သတင်းအချက်အလက်များသည် အာဆီယံဒေသအတွင်း သစ်ဆွေးမြေဒေသများ၏ နောက်ခံသတင်းအချက်အလက်များဖြစ်ပါသည်။ ယင်းအချက်အလက်များသည် ၂၀၀၃ခုနှစ်၊ အောက်တိုဘာလ၊ ၁၆ရက်နှင့် ၁၇ရက်များတွင် အင်ဒိုနီးရှားနိုင်ငံ၊ ဘိုဂေါမြို့၌ ကျင်းပခဲ့သည့် အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း (APMI) ဆိုင်ရာ ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMCs) က တင်သွင်းသည့် စာတမ်းများနှင့် ၂၀၀၅ခုနှစ်၊ မေလ ၂၄ရက်မှ ၂၆ရက်အထိ၊ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲအတွင်း တင်ပြခဲ့သည့် နောက်ဆုံးအတည်ပြု စာတမ်းများကို အခြေခံ၍စုစည်းဖော်ပြထားခြင်းဖြစ်ပါသည်။ ထို့အပြင်၊ သတင်းအချက်အလက်များကို အာဆီယံသစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း (APMI) ၏ တရားဝင်ထုတ်ပြန်သည့် စာရွက်စာတမ်းများနှင့် အခြားအရေးပါသည့် စာရွက်စာတမ်းများမှ ထုတ်ယူရရှိပါသည်။

### ၁-၁။ အာဆီယံဒေသအတွင်း သစ်ဆွေးမြေဒေသ ပျံ့နှံ့တည်ရှိပုံ

အရှေ့တောင်အာရှဒေသအတွင်း သစ်ဆွေးမြေဒေသ၏ စုစုပေါင်းဧရိယာမှာ ဟက်တာ ၂၅သန်းခန့်ရှိမည်ဟု ခန့်မှန်းပါသည်။ ယင်းခန့်မှန်းချက်မှာ အကြမ်းအားဖြင့် ကမ္ဘာ့အပူပိုင်းဒေသ သစ်ဆွေးမြေဧရိယာ၏ ၆၀% နှင့် တစ်ကမ္ဘာလုံးရှိ သစ်ဆွေးမြေသယံဇာတဧရိယာအားလုံး၏ ဆယ်ပုံ၊ တစ်ပုံခန့်ရှိပါသည်။ အရှေ့တောင်အာရှရှိ သစ်ဆွေးမြေဒေသအများစုမှာ အင်ဒိုနီးရှားနိုင်ငံတွင်တည်ရှိပြီး၊ အရှေ့တောင်အာရှရှိ သစ်ဆွေးမြေဒေသ ဧရိယာစုစုပေါင်း၏ ၇၀% ကျော်ဖြစ်ပါသည်။ အခြားအဓိက သစ်ဆွေးမြေဒေသများကို မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ဘရူနိုင်းဒါရုဆလင်နှင့် ဖိလစ်ပိုင်နိုင်ငံများတွင် တွေ့ရှိပါသည်။ သို့သော်ငြားလည်း၊ လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက တိုးတက်လာသည့်

ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ မြေအသုံးချမှု ပြောင်းလဲခြင်းများ၊ မြေပြင်နှင့် တောမီးများ၊ စသည်တို့ကြောင့် ပျက်စီးယုတ်လျော့မှုများရှိလာ၍ သစ်ဆွေးမြေဒေသများသည် သိသာစွာလျော့နည်းလာခဲ့ပါသည်။ သစ်ဆွေးမြေဒေသများကို များသောအားဖြင့် မြေနိမ့်ပိုင်းဒေသနှင့် ကမ်းရိုးတန်းငယ်မှ ၃၀၀ ကီလိုမီတာ အကွာအဝေးအထိရှိ အတွင်းပိုင်းဒေသများတွင် တွေ့ရှိရပါသည်။ သစ်ဆွေးမြေ၏ ဖောက်အနက်မှာ ၀.၅ မီတာမှ ၁၀ မီတာအထက် အမျိုးမျိုးရှိပါသည်။

## ၁-၂။ သစ်ဆွေးမြေဒေသ ဧရိယာပမာဏ

နိုင်ငံအများအပြားတွင်၊ သစ်ဆွေးမြေဒေသများကို၊ ကာကွယ်ထိန်းသိမ်းရေးဒေသအဖြစ်လည်းကောင်း၊ ထုတ်လုပ်ရေးသစ်တောများ၊ သို့မဟုတ် စိုက်ပျိုးမြေများအဖြစ်လည်းကောင်း သတ်မှတ်ကြပါသည်။ ပမာဏအချိုးအစားမှာ၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံ မတူပဲ သိသာစွာကွဲပြားခြားနားပါသည်။ ဒေသအတွင်းတွင် အနှောင့်အယှက် မရှိသော/ မူလအတိုင်းရှိသေးသော သစ်ဆွေးမြေဒေသ ဧရိယာမှာ အလွန်နည်းပါးပါသည်။

မျက်မှောက်ကာလတွင်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ (AMCs) အများစုသည်၊ သစ်ဆွေးမြေဒေသမှ ရရှိနိုင်သောသယံဇာတများကို ရေရှည်ထိန်းသိမ်းထားနိုင်သော ကိုင်တွယ်ဖြေရှင်းနည်းဖြင့် အသုံးချရန်လိုအပ်ကြောင်းကို အသိအမှတ်ပြုလာကြပါသည်။ ဤအချက်နှင့်ပတ်သက်၍၊ သစ်ဆွေးမြေဒေသအား ရေရှည်အသုံးချနိုင်ရေးအတွက် ကာကွယ်ထိန်းသိမ်းရေးကို ပိုမိုအလေးထားရန် လိုအပ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းသည် ယခုခေတ်နှင့် နောင်လာမည့် မျိုးဆက်များအတွက် ပိုမိုကောင်းမွန်သည့် သယံဇာတစီမံအုပ်ချုပ်မှုကို အထောက်အကူပြုပါသည်။

## ၁-၃။ အာဆီယံဒေသအတွင်း သစ်ဆွေးမြေသယံဇာတတန်ဖိုးနှင့် အသုံးချမှုများ

သစ်ဆွေးမြေဒေသသည် အာဆီယံအဖွဲ့ဝင်နိုင်ငံအများစုတွင် အသုံးချနိုင်မှု အမျိုးမျိုးကို ပံ့ပိုးပေးပါသည်။ ဒေသအတွင်းရှိ သစ်ဆွေးမြေသယံဇာတများ၏ အများဆုံးအသုံးချမှုနှင့် တန်ဖိုးထားမှုမှာ လယ်ယာစိုက်ပျိုးရေး၊ သစ်တောစိုက်ပျိုးရေး၊ သို့မဟုတ် အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းရပ်များအတွက် ယင်းသစ်ဆွေးမြေများကို ပြောင်းလဲအသုံးပြုခြင်းပင်ဖြစ်ပါသည်။ အခြားအသုံးချမှု

များနှင့် တန်ဖိုးထားမှုများတွင် သစ်ထုတ်လုပ်ခြင်း၊ သစ်မဟုတ်သော အခြား သစ်တောထွက်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ ရေပေးဝေရေးနှင့် သိုလှောင်ခြင်း၊ ရေလွှမ်းမိုးမှု တာဆီးကာကွယ်ခြင်း၊ ကာဗွန်စုတ်ယူခြင်းနှင့် သိုလှောင်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် ဇီဝမျိုးစုံမျိုးကွဲ ကာကွယ်ထိန်းသိမ်းခြင်း၊ စသည်တို့ပါဝင်ပါသည်။

## ၁–၄။ သစ်ဆွေးမြေဒေသဆိုင်ရာ မူဝါဒများနှင့် ဌာနဆိုင်ရာ မူဘောင်များ

အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် သစ်ဆွေးမြေဒေသများနှင့် တိုက်ရိုက် ဆက်နွယ်သည့် သီးခြားဥပဒေ သို့မဟုတ် မူဝါဒများမရှိပါ။ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှု၏ ကွဲပြားခြားနားသော ကဏ္ဍအမျိုးမျိုးကို ကွဲပြားခြားနားသော မူဝါဒများ၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းအမျိုးမျိုးဖြင့် အုပ်ချုပ်လျက်ရှိပါသည်။ သစ်ဆွေးမြေဒေသဆိုင်ရာ ဆီလျော်သောဥပဒေများ၊ မူဝါဒများ၊ စုပေါင်းပြဋ္ဌာန်း ခြင်း၊ သို့မဟုတ် သီးခြားမူဝါဒနှင့် ဥပဒေများပြဋ္ဌာန်းခြင်း စသည်တို့ကို ဖော် ဆောင်နိုင်ပါက တန်ဖိုးရှိသော ဖွံ့ဖြိုးတိုးတက်မှု ဖြစ်လာနိုင်ဖွယ်ရာရှိပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံ အများအပြားတွင်၊ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ ပါဝင်တာဝန်ယူ ဆောင်ရွက်ကြသော ဝန်ကြီးဌာနများနှင့် ဌာန အဖွဲ့အစည်းအသီးသီးကြားတွင် ကျယ်ပြန့်စွာကွာဟမှုများ ရှိနေကြပါသည်။ ထိရောက်သော စီမံအုပ်ချုပ်မှု ဖြစ်လာစေရန် ပိုမိုကောင်းမွန်သော ညှိနှိုင်း ဆောင်ရွက်မှုနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မှုတစ်ရပ်ကို လိုအပ်မည်ဖြစ်ပါသည်။

## ၁–၅။ အဓိကပြဿနာများနှင့် အလေးထားစရာများ

အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ရေး လုပ်ငန်း (APMI) နှင့် အခြားဒေသဆိုင်ရာ အစည်းအဝေးများတွင် ဆွေးနွေးချက် များနှင့် နိုင်ငံအလိုက်တင်ပြချက်စာတမ်းများကို အခြေခံ၍ အောက်ပါအခြေခံ ပြဿနာများနှင့် စိုးရိမ်ဖွယ်ရာအကြောင်းအရာများကို ဖော်ထုတ်သတ်မှတ် နိုင်ခဲ့ကြပါသည်။

## (က) သစ်ဆွေးမြေဒေသ မီးလောင်ကျွမ်းမှုနှင့် ဒေသကျော်ဖြတ် မီးခိုးမြူငွေ့ညစ်ညမ်းမှု

ဒေသအတွက် အလေးထားရမည့် အရေးအကြီးဆုံး စိမ်အုပ်ချုပ်မှုပြဿနာမှာ သစ်ဆွေးမြေမီးလောင်ကျွမ်းမှုမှ ဖြစ်ပေါ်လာသည့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုပင်ဖြစ်ပါသည်။ ဒေသအတွင်း သစ်ဆွေးမြေမီးလောင်ရသည့် အကြောင်းအရင်းမှာ အမြဲလိုလိုပင် လူတို့၏ စွက်ဖက်နှောင့်ယှက်မှုကြောင့် ဖြစ်ပါသည်။ ရေနုတ်မြောင်း ဖောက်ထုတ်ထားခြင်းမရှိသည့် သစ်ဆွေးမြေသည် မီးလောင်ကျွမ်းခဲပါသည်။ ထို့ကြောင့် သစ်ဆွေးမြေဒေသအတွင်း၊ လယ်ယာစိုက်ပျိုးရေး၊ သစ်တောစိုက်ပျိုးရေးနှင့် အခြားကိစ္စရပ်များအတွက် ရေနုတ်မြောင်း ဖောက်ထုတ်ခြင်းသည် သစ်ဆွေးမြေဒေသ မီးလောင်ကျွမ်းရခြင်း၏ အဓိက အကြောင်းရင်းပင်ဖြစ်ပါသည်။ လွန်ခဲ့သော ဆယ်စုနှစ်အတွင်း အဆိုးဝါးဆုံး သစ်ဆွေးမြေ ရွံ့နွံတောဒေသ မီးလောင်ကျွမ်းမှုကြောင့် ကျယ်ပြန့်သော သစ်ဆွေးမြေဒေသ၏ ရှုခင်းအလှကို ၁၉၉၇–၉၈ခုနှစ်က ခြောက်သွေ့ရာသီတလျောက် လပေါင်းများစွာ ရပ်ပျက်ဆင်းပျက် ဖြစ်စေခဲ့ပါသည်။ ၁၉၉၇–၉၈ခုနှစ်အတွင်းက ဟုန်းဟုန်းတောက်လောင်ကျွမ်းခဲ့သော မီးလျှံကြီးသည် အရှေ့တောင်အာရှဒေသကို မီးခိုးနှင့်မြူမှုန်များဖြင့် ဖုံးလွှမ်းမွန်းကြပ်စေခဲ့ပြီး၊ သစ်ဆွေးမြေဒေသ ဧရိယာဟတ်တာ ၂သန်းခန့် ပျက်စီးဆုတ်ယုတ်စေခဲ့ပါသည်။ သစ်ဆွေးမြေဒေသ၏ သဘာဝသယံဇာတနှင့် ဂေဟဗေဒဆိုင်ရာအသုံးဝင်မှုများ၊ ဒေသခံများ၏ လူမှုစီးပွားရေး အဆောက်အအုံ တို့ကို ခြိမ်းခြောက်လာခြင်း၊ လူသားများ၏ ကျန်းမာရေးကို အန္တရာယ်ပြုလာခြင်းတို့ကိုဖြစ်စေခဲ့ပါသည်။

## (ခ) ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းမှု

ဒေသခံပြည်သူအစုအဖွဲ့များသည် ဆေးဘက်ဝင်အပင်များ ရှာဖွေစုဆောင်းခြင်း၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများထုတ်လုပ်ခြင်း၊ လယ်ယာစိုက်ပျိုးလုပ်ကိုင်ခြင်း စသည်ဖြင့်အသက်မွေးဝမ်းမှုများကို သစ်ဆွေးမြေနှင့် ယင်းဒေသ၏ သယံဇာတများကို အသုံးပြုကြပါသည်။ ဤသို့လုပ်ဆောင်ချက်သည် သစ်ဆွေးမြေဒေသ ယိုယွင်းပျက်စီးမှုကဲ့သို့သော အသေးစားဆိုးကျိုးသက်ရောက်မှုကို ဖြစ်စေပါသည်။

## (ဂ) သစ်ဆွေးမြေနှင့် ယင်း၏သယံဇာတများ အလွန်အကျွံထုတ်ယူ သုံးစွဲခြင်း

သစ်တောစိုက်ခင်း၊ လယ်ယာစိုက်ပျိုးခြင်းနှင့် မြို့ပြတည်ထောင်ခြင်း စသည့် ဖွံ့ဖြိုးတိုးတက်မှုအတွက် သစ်ဆွေးမြေကို ပြောင်းလဲအသုံးချခြင်းသည် ကြီးမားသော ပြဿနာတစ်ရပ်ဖြစ်ပါသည်။ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့်၊ သဘာဝပတ်ဝန်းကျင်အပေါ် သိသာထင်ရှားစွာ ပျက်စီးဆုံးရှုံးမှုကို ဖြစ်စေပါသည်။ ရေနုတ်မြောင်းများ အလွန်အကျွံဖောက်လုပ်မှု၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးကွယ်ပျောက်မှု၊ မီးလောင်ကျွမ်းမှုနှင့် မြူခိုးညစ်ညမ်းမှု အစရှိသော ပြဿနာရပ်များ ပေါ်ပေါက်လာခဲ့ပါသည်။ တရားမဝင်သစ်ထုတ်လုပ်ခြင်းသည် သစ်ဆွေးမြေဒေသအား ဆိုးဝါးစွာထိခိုက်စေသော အဓိကပြဿနာတစ်ရပ်ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ သစ်ဆွေးမြေဒေသများတွင် သစ်နှင့်သစ်မဟုတ်သော အခြားသယံဇာတများ ထုတ်လုပ်လျက်ရှိကြပါသည်။

## (ဃ) ရေနုတ်မြောင်း

သစ်ဆွေးမြေအပေါ် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းအမျိုးမျိုးသည် ယင်းဒေသ၏ ရေစီးရေလာစီးဆင်းမှု ညီညွတ်မှန်ကန်ခြင်းကို ပြောင်းလဲစေပါသည်။ သစ်ဆွေးမြေဒေသပေါ်နှင့်/သို့မဟုတ် ယင်း၏ အနီးပတ်ဝန်းကျင်ဒေသအတွင်း၊ ရေနုတ်မြောင်းဖောက်လုပ်မှုနှင့် အဓိကပါဝင်ပတ်သက်နေပါသည်။ ယင်းသည်၊ သဘာဝအဖွဲ့အစည်းအုပ်စုများအပေါ် ပြန်လည်ပြုပြင်၍မရသော ပျက်စီးဆုံးရှုံးမှုနှင့် အန္တရာယ်ရှိသော ဆိုးကျိုးသက်ရောက်မှုများကို ရေးရှုသော အလွန်အကျွံရေနုတ်ထုတ်ခြင်းနှင့် တရားလွန်ခြောက်သွေ့စေခြင်းများသည် အန္တရာယ်ကို ခေါ်ဆောင်လာခြင်းပင်ဖြစ်သည်။ တရားလွန်ခြောက်သွေ့ခြင်းဖြင့် သစ်ဆွေးမြေဒေသ မီးလောင်မှုကို အကြိမ်ပေါင်း အရေအတွက် ပို၍ပို၍ တိုးပွားလာစေမည်ဖြစ်ပါသည်။

## (င) ဇီဝမျိုးစုံမျိုးကွဲ လျော့နည်းဆုံးရှုံးမှု

မြေနေရာရှင်းလင်းခြင်း၊ ရေနုတ်မြောင်းဖောက်ထုတ်ခြင်းနှင့် အကြိမ်များစွာ တိုးမြင့်မီးလောင်ကျွမ်းများကြောင့်၊ သစ်ဆွေးမြေဒေသများ လျော့နည်းပျက်စီးသကဲ့သို့၊ ဒေသအတွင်းရှိ သစ်ဆွေးမြေများအတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများလည်း လျော့နည်းဆုံးရှုံးမှုဖြစ်ပါသည်။ သစ်ဆွေးမြေပေါ် ပေါက်ရောက်သည့်

သစ်အမျိုးမျိုးနှင့် ဆေးဘက်ဝင်အပင်များ တရားလွန်ခုတ်ယူသုံးစွဲမှုသည်လည်း ဆုံးရှုံးမှုများ ဖြစ်ပေါ်စေပါသည်။

## (စ) ကာဗွန်ဆုံးရှုံးမှု

သစ်ဆွေးမြေဒေသတွင် ဇီဝကာဗွန်ပါဝင်မှု ပမာဏမြင့်မားသောကြောင့် အရေးပါသော ကာဗွန်သိမ်းဆည်းသိုမှီးရာစခန်းဖြစ်ပါသည်။ ဒေသအတွင်းရှိ သစ်ဆွေးမြေများသည် ကမ္ဘာမြေပြင်ပေါ်တွင် သိုလှောင်ထားသည့် ကာဗွန် စုစုပေါင်း၏ ၅ရာခိုင်နှုန်းအထိ သိုမှီးထားသည်ဟု ယူဆထားပါသည်။ ဒေသ အတွင်းရှိ သစ်ဆွေးမြေများတွင် မြေနေရာရှင်းလင်းမှု၊ ရေနုတ်မြောင်းဖောက် လုပ်မှုနှင့် မီးလောင်ကျွမ်းမှုများသည် တစ်ကမ္ဘာလုံးအတွက် အရေးပါသည်ဟု မှတ်ယူထားသော သိသာထင်ရှားသည့် ကာဗွန်ထုတ်လွှတ်မှုဆိုင်ရာ အကြောင်း အရင်းများဟု ယခုအခါ ရှုမြင်လျက်ရှိကြပါသည်။

## (ဆ) ဖျက်ဆီးတတ်သော ပိုးမွှားတိရစ္ဆာန်နှင့် အနာရောဂါများ အစပျိုးလာခြင်း

သစ်ဆွေးမြေများ၏ ဂေဟဗေဒစနစ်အသွင် ပြောင်းလဲလိုက်ခြင်းသည် နေရင်းဒေသခံမဟုတ်သောအပင်များ ကျူးကျော်ဝင်ရောက်လာခြင်းနှင့် ရောဂါ ပိုးမွှားများ အစပျိုးပေါ်ပေါက်လာခြင်းကို ပိုမိုဖြစ်ပေါ်လာစေပါသည်။

## (ဇ) သစ်ဆွေးမြေ စီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ အသိပညာ၊ ဗဟုသုတချို့တဲ့ခြင်း

ဒေသအတွင်း၊ သစ်ဆွေးမြေစီမံအုပ်ချုပ်မှုတွင် အဓိကကနဦးသတ်ချက် တစ်ခုမှာ သစ်ဆွေးမြေများ၏ အသုံးဝင်မှုနှင့်တကွ ရေရှည်တည်တံ့နိုင်မည့် စီမံအုပ်ချုပ်မှုအမျိုးမျိုးတို့နှင့် ပတ်သက်သော အသိပညာ၊ ဗဟုသုတ ချို့တဲ့မှုပင် ဖြစ်ပါသည်။ ဥပမာအချို့မှာ သစ်ဆွေးမြေ၏ အစိတ်အပိုင်းများနှင့် ယင်းတို့၏ အသုံးဝင်မှုများကို အခြားဂေဟဗေဒစနစ်များနှင့်နှိုင်းယှဉ်ပါက ကောင်းမွန်စွာ နားမလည်သေးခြင်းနှင့် အရည်အသွေးညံ့ဖျင်းသည်ဟု သတ်မှတ်မှုများ ရှိနေသေး ခြင်းပင် ဖြစ်ပါသည်။ ရရှိထားသည့် သတင်းအချက်အလက်များသည် ဖွံ့ဖြိုး တိုးတက်ပြောင်းလဲနေသည့် အပူပိုင်းဒေသသစ်ဆွေးမြေများ၏ ဂေဟဗေဒ ပြောင်းလဲမှုဖြစ်စဉ်များကို ချင့်ချိန်အကဲဖြတ်နိုင်ရန် လုံလောက်မှုမရှိသေးခြင်း

ပင်ဖြစ်ပါသည်။ ဤစနစ်၏ ဂေဟဗေဒဆိုင်ရာ ခက်ခဲရှုပ်ထွေးမှုကို နားလည်မှု မရှိသကဲ့သို့ သစ်ဆွေးမြေ၏ သဘာဝအသုံးဝင်မှုနှင့် အရေးပါမှုများကို နားလည် သဘောပေါက်မှု မရှိသေးမှုများကို တွေ့မြင်နေရပါသည်။

## (ဈ) မျက်မှောက်တည်ဆဲဥပဒေနှင့် မူဝါဒများ

ဒေသအတွင်းရှိ သစ်ဆွေးမြေများသည်၊ ဆီလျော်မှုမရှိသော သို့မဟုတ် အငြင်းပွားဖွယ်ဖြစ်သော မူဝါဒများကြောင့် ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ဥပမာအားဖြင့်၊ ဒေသအတွင်း နိုင်ငံအများအပြားတွင်၊ ယင်းသစ်ဆွေးမြေဒေသ သည် – တွက်ချေကိုက်လောက်အောင် သီးနှံဖြစ်ထွန်းမှု မရှိသဖြင့် သစ်ဆွေးမြေ တို့၏ သဘာဝအနေအထားမှ ပိုမိုတန်ဖိုးရှိသော ဂေဟဗေဒဝန်ဆောင်မှုများပေးနေ သည့် လယ်ယာစိုက်ပျိုးရေးဖြစ်ထွန်းစေရန်အတွက် ရေနုတ်မြောင်းများ ဖောက် ထုတ်ခြင်းများကို အားပေးမှုများ ပြုလုပ်နေကြပါသည်။ ၎င်းအပြင်၊ သစ်ဆွေး မြေဒေသများအား ဥပဒေဖြင့် ကာကွယ်ထိန်းသိမ်းပေးထားသည့်တိုင်၊ လက်တွေ့ တွင် လျော့ရဲသော ဥပဒေအကျိုးသက်ရောက်စေမှုပြဿနာရပ်များနှင့် ရင်ဆိုင်နေ ရပါသည်။

## (ည) အဓိပ္ပါယ်ဖွင့်ဆိုချက် – ကိစ္စရပ်

ဒေသအတွင်းရှိ သစ်ဆွေးမြေဆိုင်ရာ သယံဇာတများကို စီမံအုပ်ချုပ်ရာတွင် တွေ့ကြုံရသော အခက်အခဲများအနက် တစ်ခုမှာ သစ်ဆွေးမြေဒေသများကို ရှင်းလင်းပြတ်သားစွာ အသေးစိတ်နယ်မြေခွဲခြားသတ်မှတ်နိုင်ရန်နှင့် အခြေခံ တူညီသော စီမံအုပ်ချုပ်မှုလမ်းညွှန်ချက်များ ပေါ်ပေါက်လာစေရေး ဖြစ်ပါသည်။ အခက်အခဲဖြစ်စေသော ဒေသအတွင်း အများလက်ခံနိုင်မည့် အခြေခံတူညီသော အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် သစ်ဆွေးမြေအမျိုးအစားခွဲခြားနိုင်မှုများ လိုအပ်နေခြင်း ပင်ဖြစ်ပါသည်။

## ၁–၆။ သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုနှင့် ပတ်သက်၍ အခြေခံ လိုအပ်ချက်များ

အာဆီယံဒေသအတွင်း၊ မီးလောင်ခြင်း၊ ရေနုတ်မြောင်းဖောက်ထုတ်ခြင်း၊ ဆီလျော်မှုမရှိသော စီမံအုပ်ချုပ်မှုများ လက်တွေ့ကျင့်သုံးခြင်း၊ အသက်မွေး ဝမ်းကြောင်းရွေးချယ်ခြင်း၊ ရေရှည်တည်တံ့စေခြင်းတို့နှင့်ပတ်သက်၍ အများကြို

တွေ့နေရသော ပြဿနာရပ်များကို စီမံအုပ်ချုပ်ရာတွင် အများအားဖြင့် တူညီမှုရှိကြပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည်၊ အသိတိုးပွားရေး၊ ပညာပေးရေး၊ သတင်းအချက်အလက် ဖလှယ်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ သင်တန်းပို့ချရေး၊ သစ်ဆွေးမြေဒေသ မီးဘေးကြိုတင်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေး၊ ရေရှည်အသုံးချရေး၊ သစ်ဆွေးမြေဒေသပြန်လည်ထူထောင်ရေး၊ သစ်ဆွေးမြေတိုင်းတာစာရင်းကောက်ယူရေး၊ သုတေသနပြုလုပ်ရေးနှင့် သရုပ်ပြစီမံကိန်းများဆောင်ရွက်ရေး၊ စသည့်ကိစ္စရပ်များကို အရေးတကြီး ရင်ဆိုင်ဆောင်ရွက်ရာ၌ ကဏ္ဍအမျိုးမျိုးတွင် အတွေ့အကြုံတူညီမှုများကို မျှဝေဖလှယ်ကြပါသည်။

သစ်ဆွေးမြေစီမံအုပ်ချုပ်မှုနှင့်ပတ်သက်၍ အခြေခံပြဿနာရပ်များကို ကျော်လွှားနိုင်ရန်အတွက် အောက်ပါအချက်များကို အောင်မြင်စွာဖော်ဆောင်နိုင်ရန် လိုအပ်ပါသည်။

- သစ်ဆွေးမြေဂေဟစနစ်အကြောင်း ဗဟုသုတတိုးမြှင့်ပေးရန် (ဥပမာအားဖြင့် အခိပ္ပါယ်ဖွင့်ဆိုချက်ကိစ္စဆုံးဖြတ်ခြင်း၊ စီမံအုပ်ချုပ်မှုနှင့် ပြန်လည်ထိန်းသိမ်းရေးနည်းလမ်းများ ဖော်ထုတ်ပေးခြင်း၊ သုတေသန၊ ဆောင်ရွက်ဆဲ လုပ်ငန်းများနှင့် သတင်းအချက်အလက်များဖလှယ်ခြင်း)
- ဒေသခံပြည်သူများ၊ စက်မှုလုပ်ငန်းများနှင့် အစိုးရဌာနများအကြား ဖြစ်ပေါ်နေသော အချင်းချင်း အငြင်းပွားနေမှုများကို ဆုံးဖြတ်ပေးရန် (ဥပမာ ကျေးလက်ပြည်သူ အသိပညာတိုးပွားရေးလှုပ်ရှားမှုများ အပါအဝင်၊ တစ်ဖွဲ့နှင့်တစ်ဖွဲ့ သို့မဟုတ် မိမိအဖွဲ့အစည်းအတွင်း)
- ဌာနအဖွဲ့အစည်းများ၏မူဝါဒများနှင့် မူဘောင်ဆိုင်ရာအခြေခံစည်းမျဉ်းများ ပိုမိုကောင်းမွန်စေရန် -

(၁) သိပ္ပံပညာရပ်ဆိုင်ရာ ဗဟုသုတတိုးပွားစေရန်အတွက် -
- (က) အခိပ္ပါယ်ဖွင့်ဆိုချက် ကွဲပြားမှုပြဿနာရပ်ကို ညှိနှိုင်းဆုံးဖြတ်ပေးရန်
- (ခ) ဆောင်ရွက်ဆဲ သုတေသနနှင့်လုပ်ငန်းကြီးကြပ်မှုများ ပြုလုပ်ရန်
  - သရုပ်ပြဒေသများ
  - ရှေ့ပြေးစီမံကိန်းလုပ်ငန်းများ

(၂) အသိပညာပေးရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေးကို တိုးမြှင့်ဆောင်ရွက်ရန်
(က) ပညာရေး
(ခ) သတင်းအချက်အလက်ရရှိရေးနှင့်ဖလှယ်ရေး
(ဂ) သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေး
(ဃ) ဒေသခံပြည်သူအစုအဖွဲ့ပါဝင်သော သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုများကို တိုးတက်ဆောင်ရွက်ရေး (ဥပမာ – ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်းမှု ရေရှည်တည်တံ့စေရန် ဆောင်ရွက်ခြင်း)

(၃) သက်ဆိုင်ရာအဖွဲ့အစည်းအချင်းချင်း အတူတကွပူးပေါင်းဆောင်ရွက်မှု တိုးတက်စေရန်
(က) အစိုးရအဖွဲ့နှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား အယူအဆအငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ပေးရန်

(၄) ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်မူဝါဒများ တိုးတက်ကောင်းမွန်စေရန်
(က) သစ်ဆွေးမြေဒေသနှင့် ယင်း၏သယံဇာတထုတ်လုပ်မှုကိစ္စ ဖြေရှင်းပေးရန်
(ခ) ဥပဒေအာဏာသက်ရောက်မှု ပိုမိုထိရောက်ဖြစ်ပေါ်စေရန်

## ၁–၇။ ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှု

### (က) ၂၀၂၀ခုနှစ်အာဆီယံမျှော်မှန်းချက် (ASEAN Vision 2020)

သဘာဝပတ်ဝန်းကျင်အပေါ် အာဆီယံဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုများကို ၂၀၂၀ခုနှစ်အထိ၊ အာဆီယံမျှော်မှန်းချက်တွင် လမ်းညွှန်ထားပြီးဖြစ်ပါသည်။ ၂၀၂၀ခုနှစ်အာဆီယံမျှော်မှန်းချက်နှင့် အာဆီယံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးများ၏ နှစ်လတ်–လုပ်ငန်း အစီအစဉ်များတွင် “ဒေသ၏ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်းကောင်း၊ သဘာဝသယံဇာတများ ရေရှည်တည်တံ့၊ အသုံးချနိုင်ရေးအတွက်လည်းကောင်း ဒေသခံပြည်သူများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားစေရေးအတွက်လည်းကောင်း၊ ပြီးပြည့်စုံသော လုပ်ထုံးလုပ်နည်း

ရှိသည့် သန့်ရှင်းစိမ်းလန်းသော အာဆီယံဒေသတစ်ခုဖြစ်ရေး" ကို တောင်းဆိုထား ပါသည်။

## (ခ) ဘာလီ သဘောတူညီချက် ၂

၂၀၀၃ခုနှစ်၊ အောက်တိုဘာလတွင် ကျင်းပခဲ့သည့် ၉ကြိမ်မြောက် အာဆီယံထိပ်သီးညီလာခံကျင်းပစဉ်က၊ အာဆီယံနိုင်ငံခေါင်းဆောင်ကြီးများသည်၊ အာဆီယံသဘော တူညီချက် ၂၊ (ဘာလီသဘောတူညီချက် ၂)၊ ကြေငြာချက်တွင် ဖော်ပြပါရှိသည့်အတိုင်း၊ "အာဆီယံလုံခြုံရေးအသိုက်အဝန်း"၊ "အာဆီယံစီးပွားရေး အသိုက်အဝန်း"၊ "အာဆီယံလူမှု ယဉ်ကျေးမှုအသိုက်အဝန်း"၊ စသည့် အဓိက မဏ္ဍိုင်(၃)ရပ်အပေါ် အခြေခံသော အာဆီယံအသိုက်အဝန်းတစ်ခု ပေါ်ပေါက်လာ ရေးကို ကတိပြုခဲ့ကြပါသည်။

လူမှုအဖွဲ့အစည်းများကို ကာကွယ်စောင့်ရှောက်သည့် အုပ်စုတစ်စုအသွင် အတူတကွ ပူးပေါင်းနှောင်ဖွဲ့ထားမည့် အာဆီယံဖြစ်လာစေရန်အတွက် အာဆီယံ မျှော်မှန်းချက် ၂၀၂၀ တွင် ချမှတ်ထားသည့်ပန်းတိုင်နှင့်အညီ အာဆီယံလူမှု–ယဉ်ကျေးမှုအုပ်စု(ASCC)ပေါ်ပေါက်လာရန် မျှော်မှန်းခဲ့ပါသည်။ အာဆီယံလူမှု–ယဉ်ကျေးမှုအုပ်စု(ASCC)မှတဆင့် ကျေးလက်ပြည်သူနှင့်လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးကို ပိုမိုခိုင်မာစေခြင်းနှင့် အမျိုးသမီး၊ လူငယ်၊ ကျေးလက် အစုအဖွဲ့များအပါအဝင်၊ လူမှုအဖွဲ့အစည်းကဏ္ဍအားလုံး တက်ကြွစွာ ပါဝင်ဆောင် ရွက်ရေးကို လမ်းစရှာရမည် ဖြစ်ပါသည်။ ASCC သည်၊ လူဦးရေ တိုးပွားနှုန်း၊ ပညာရေး၊ အလုပ်လက်မဲ့၊ ကိုယ်ခံစွမ်းအားကျရောဂါ၊ HIV/AIDS နှင့် SARS ကဲ့သို့ကူးဆက်ရောဂါများ ကာကွယ်တားဆီးရေး၊ သဘာဝဝန်းကျင်ယိုယွင်း ပျက်စီးမှုနှင့် နယ်စပ်ဖြတ်ကျော်ညစ်ညမ်းမှု၊ စသည်များနှင့် ဆက်နွယ်လျှက်ရှိသည့် ပြဿနာရပ်များကို ရင်ဆိုင်ဖြေရှင်းရာတွင်လည်း ပိုမိုလေးနက်စွာ ပူးပေါင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## (ဂ) အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၏ မီးခိုးမြူထွေဆိုင်ရာ၊ ကျွမ်းကျင်သူလုပ်ငန်းအဖွဲ့ (ASOEN-HTTF) နှင့် စုမားတြားနှင့် ဘော်နီယိုအတွက် ဒေသခွဲမီးငြိမ်းသတ်မှု ကြိုတင်ပြင်ဆင်ရေးအဖွဲ့

ASOEN-HTTF အဖွဲ့သည်၊ အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဖွဲ့ (ASOEN) ၏ အထောက်အကူပြုအဖွဲ့တစ်ဖွဲ့ ဖြစ်ပါသည်။ ယင်းအဖွဲ့ကို ၁၉၉၅ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ASOEN-HTTF တွင် အင်ဒိုနီရှားနိုင်ငံမှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံ (၁၀) နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်ပါသည်။

ထူးခြားမှုရှိသည့်ဒေသများ၌ မီးဘေးစီမံအုပ်ချုပ်မှုကို ပိုမိုအာရုံစိုက်ရန် လိုအပ်ကြောင်း သုံးသပ်သည်နှင့်အညီ ၁၉၉၈ခုနှစ်၊ ဧပြီလတွင် ASOEN-HTTF သည်၊ စုမားတြားဒေသခွဲဆိုင်ရာ မီးသတ်လုပ်ငန်း ကြိုတင်ပြင်ဆင်ရေးအဖွဲ့ (SRFA-Sumatera) နှင့် ဘော်နီယိုဒေသခွဲဆိုင်ရာ မီးသတ်လုပ်ငန်းကြိုတင်ပြင်ဆင်ရေးအဖွဲ့ (SRFA-Borneo) စသည့် အမည်များဖြင့် စုမားတြားနှင့် ဘောနီယိုဒေသခွဲများအတွက် လုပ်ငန်းအဖွဲ့(၂)ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ နောက်ဆက်တွဲအနေဖြင့် ASOEN-HTTF သည် ဥပဒေရေးရာနှင့် တရားဥပဒေအာဏာသက်ရောက်မှု (SRFA ဥပဒေနှင့် အာဏာသက်ရောက်မှုအတွက် ဥပဒေရေးရာအဖွဲ့)နှင့် ရာသီဥတုနှင့်မိုးလေဝသအခြေအနေ (ဒေသခွဲရာသီဥတု သုံးသပ်လေ့လာရေးဆွေးနွေးပွဲ)အပေါ် အာရုံစူးစိုက်ဆောင်ရွက်နိုင်မည့် နောက်ထပ်လုပ်ငန်းအဖွဲ့(၂)ဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ SRFA အတွက် တစ်ပြေးညီလုပ်ထုံးလုပ်နည်းများ ဖွံ့ဖြိုးတိုးတက်လာရေးနှင့် သရုပ်ပြလေ့ကျင့်မှုများ အသေးစိတ်ပြင်ဆင်ထားရေးအတွက် မြူခိုးအန္တရာယ် သရုပ်ပြလေ့ကျင့်ပေးမည့် သရုပ်ပြလေ့ကျင့်ပေးရေးကော်မတီ (SOC)အမည်ရှိ အထူးလုပ်ငန်းအဖွဲ့ကိုလည်း ၂၀၀၂ခုနှစ် ဩဂုတ်လတွင် ဖွဲ့စည်းခဲ့ပါသည်။

## (ဃ) အာဆီယံဒေသမီးခိုးမြူထွေဆိုင်ရာ လုပ်ငန်းစီမံချက်

ဒေသအတွင်းမီးခိုးမြူထွေ ညစ်ညမ်းမှုဆိုင်ရာလုပ်ငန်းစီမံချက် Regional Haze Action Plan (RHAP) ကို၊ ပြင်းထန်သော မီးလောင်ကျွမ်းမှုနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူထွေညစ်ညမ်းမှုပြဿနာများ ကြီးထွားနေချိန်ဖြစ်သည့် ၁၉၉၇ခုနှစ်၊ ဒီဇင်ဘာလတွင် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးများက

အတည်ပြုခဲ့ပါသည်။ ယင်း RHAP ၏ အထွေထွေမူဘောင်အတွင်း နယ်စပ်ဖြတ်ကျော် မြူခိုးညစ်ညမ်းမှု ပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် ဒေသတွင်း စွမ်းဆောင်နိုင်မှုအင်အားများနှင့် စွမ်းဆောင်ရည်ခိုင်မာလာစေရန် မဟာဗျူဟာ စီမံချက်များ၊ လုပ်ဆောင်ချက်များကို ဦးတည်ဆောင်ရွက်စေပါသည်။ RHAP ၏ အဓိကရည်ရွယ်ချက်(၃)ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(၁) ပိုမိုကောင်းမွန်သော စီမံအုပ်ချုပ်မှုဆိုင်ရာမူဝါဒများကို လက်တွေ့ ကျင့်သုံး အာဏာသက်ရောက်စေခြင်းဖြင့် မြေပြင်နှင့်တောမီးများကို တားဆီးကာကွယ်ရန်
(၂) မြေပြင်နှင့်တောမီးများ စောင့်ကြပ်ကြည့်ရှုရေးအတွက် လက်တွေ့ ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ် ချမှတ်တည်ထောင်ထားရန်
(၃) ဒေသဆိုင်ရာ ဘေးအန္တရာယ်လျော့ပါးရေး စီမံချက်များနှင့်အတူ မြေပြင်နှင့်တောမီးများငြိမ်းသတ်ရေး စွမ်းဆောင်နိုင်မှုကို တိုးမြှင့်ပေးရန်

ထို့ကြောင့် RHAP တွင် လုပ်ငန်းစီမံချက်များအနေဖြင့် မြူခိုးများကို တားဆီးကာကွယ်ခြင်း၊ လျော့နည်းသက်သာစေခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း စသည့် အဓိကကဏ္ဍ (၃)ခုပါရှိပါသည်။ ယင်းကဏ္ဍ(၃)ခုအနက် တစ်ခုခုအောက်တွင် ကျရောက်သည့် စိန်ခေါ်လောက်သော လုပ်ငန်းရပ်များကို သီးခြားသတ်မှတ်ထားပါသည်။ မလေးရှားနိုင်ငံသည် တားဆီးကာကွယ်ခြင်းကဏ္ဍ၊ အင်ဒိုနီးရှားနိုင်ငံသည် လျော့နည်းသက်သာစေရေးကဏ္ဍနှင့် စင်္ကာပူနိုင်ငံသည် မီးလောင်ကျွမ်းခြင်းနှင့် မြူခိုးကြီးကြပ်ကွပ်ကဲခြင်းကဏ္ဍတို့၌ အသီးသီးဦးဆောင်၍ စတင်ဆောင်ရွက်လျက်ရှိကြပါသည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများသည်လည်း RHAP ၏ ကဏ္ဍ(၃)ခုနှင့် ဆက်စပ်လျက်ရှိသော အမျိုးသားအဆင့် လုပ်ငန်းစဉ်များကို တာဝန်ယူလုပ်ဆောင်ကြရပါသည်။ RHAP ဒေသအဆင့်နှင့် ဒေသခွဲအဆင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများသည် အမျိုးသားအဆင့် စီမံဆောင်ရွက်ချက်များပြင်ဆင်ခြင်း သို့မဟုတ် ဖြည့်စွက်ခြင်းများတွင် အထောက်အကူပြုပါသည်။

## ( င) နယ်စပ်ဖြတ်ကျော်မြူခိုးညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘောတူညီချက်

နယ်စပ်ဖြတ်ကျော် မြူခိုးညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်ကို မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့၌ ၂၀၀၂ခုနှစ်၊ ဇွန်လ၊ ၁၀ ရက်နေ့တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ ၁၀နိုင်ငံက လက်မှတ်ရေးထိုးခဲ့ကြပါသည်။ ယင်းသဘောတူညီချက်တွင်၊ စောင့်ကြည့်လေ့လာခြင်း၊ ပမာဏတန်ဖိုးတိုင်းတာတွက်ချက်ခြင်း၊ ကာကွယ်တားဆီးခြင်း၊ နည်းပညာပူးပေါင်းဆောင်ရွက်ခြင်း၊ သိပ္ပံနည်းကျသုတေသနပြုလုပ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ရေးအတွက် လုပ်ထုံးလုပ်နည်းဆက်သွယ်မှုလမ်းကြောင်းများချမှတ်ခြင်း၊ ဘေးအန္တရာယ်ကယ်ဆယ်ရေးပစ္စည်းအတွက် ရှင်းလင်းလွယ်ကူသော အကောက်ခွန်နှင့်လူဝင်မှုကြီးကြပ်ရေး လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်း စသောပြင်ဆင်ထားရှိသင့်သည့် အချက်အလက်များပါဝင်ပါသည်။ ယင်းသဘောတူညီချက်တွင်၊ နယ်စပ်ဖြတ်ကျော်မြူခိုးညစ်ညမ်းမှုကာကွယ်တားဆီးရေးအတွက်၊ အာဆီယံပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးဌာနတစ်ခုကို ထူထောင်ထားရှိရန်အချက်လည်း ပါဝင်ပါသည်။

ယင်းသဘောတူညီချက်သည်၊ ၂၀၀၃ခုနှစ်၊ နိုဝင်ဘာလ၊ ၂၅ရက်နေ့တွင် အာဏာသက်ရောက်ခဲ့ပါသည်။ ယခုအထိ၊ ဘရူနိုင်းဒါရုဆလန်၊ လာအို၊ မလေးရှား၊ မြန်မာ၊ စင်္ကာပူ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့သည် ယင်းသဘောတူညီချက်အား လက်မှတ်ရေးထိုးအတည်ပြုခဲ့ကြပြီး၊ ယင်းတို့၏လက်မှတ်ရေးထိုးအတည်ပြုထားသော စာချုပ်စာတမ်းများကို၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးတွင် အပ်နှံသိမ်းဆည်းထားပါသည်။

## (စ) အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှု အကောင်အထည်ဖော်ဆောင်ရေး (APMI)

ဤအကောင်အထည်ဖော်ဆောင်ရေးအယူအဆကို ၁၉၉၉ခုနှစ်မှ ၂၀၀၁ခုနှစ်အတွင်း၊ အဖွဲ့အစည်းများက ကျယ်ပြန့်စွာဆွေးနွေး၍ ဖော်ထုတ်ခဲ့ခြင်းဖြစ်ပါသည်။ သစ်ဆွေးမြေဒေသမီးလောင်ကျွမ်းမှု သတင်းအချက်အလက်များနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှုများကို ၁၉၉၉ခုနှစ်၊ ဇူလိုင်လတွင် ပြုလုပ်ခဲ့သော (၁၃)ကြိမ်မြောက် ASOEN-HTTF အစည်းအဝေးနှင့် ၇ကြိမ်မြောက် AMMH အစည်းအဝေးများတွင် ဆွေးနွေးခဲ့ကြပါသည်။ ၂၀၀၂ခုနှစ်၊ ဇွန်လ၊ ၁၀ ရက်၊ ၁၁ ရက်များတွင် ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် ASOEN-HTTF

အစည်းအဝေးတွင်၊ သစ်ဆွေးမြေတားဆီးကာကွယ်ရေးနှင့် ကြီးကြပ်ထိန်းချုပ်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

၉ကြိမ်မြောက် AMMH အစည်းအဝေးတွင်၊ ဒေသအတွင်း၊ သစ်ဆွေးမြေဆိုင်ရာဒေသများအား မှန်ကန်စွာအသုံးချရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ဆွေးနွေးခဲ့ကြပြီး၊ HTTF နှင့် ယင်း၏လုပ်ငန်းအဖွဲ့များအား လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေး (APMI) အတွက် မေတ္တာရပ်ခံခဲ့ပါသည်။ ယင်း APMI ကို၊ တိုင်ပင်ဆွေးနွေးခြင်း၊ မေးခွန်းလွှာများဖြင့် မေးမြန်းခြင်း၊ ဒေသဆိုင်ရာအစည်းအဝေးများကျင်းပဆွေးနွေးခြင်း စသည်တို့ဖြင့် ပို၍တိုးတက်ကောင်းမွန်စေခဲ့ပြီး၊ ၂၀၀၃မှ ၂၀၀၅ခုနှစ်ကာလအတွက် လုပ်ငန်းအစီအစဉ်တစ်ရပ်နှင့်အတူ ဖိလစ်ပိုင်၊ မနီလာမြို့၌ ၂၀၀၃ခုနှစ်၊ ဖေဖော်ဝါရီလတွင်၊ ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် ASOEN-HTTF အစည်းအဝေးတွင် လက်ခံခဲ့ပါသည်။

APMI ကို ကမ္ဘောဒီးယားနိုင်ငံ၊ ဆီယံရိ၌၊ ၂၀၀၃ ခုနှစ်၊ မတ်လတွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် AMMH တွင်လည်း အလေးပေးဆွေးနွေးခဲ့ကြပါသည်။

## APMI ၏ မျှော်မှန်းချက်များနှင့် ရည်ရွယ်ချက်များ

APMI ၏မျှော်မှန်းချက်များမှာ၊ ဒေသခံများ၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ရေရှည်လုပ်ကိုင်နိုင်ရေးနှင့် ကူညီထောက်ပံ့ရေးအတွက် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းနှင့် စုပေါင်းအကောင်အထည်ဖော်ခြင်း၊ မီးဘေးအန္တရာယ်နှင့်၊ ဆက်စပ်သည့် ဒေသများတွင် မြူခိုးအန္တရာယ်များလျော့ချခြင်းနှင့် ကမ္ဘာကြီး၏ သဘာဝဝန်းကျင်စီမံအုပ်ချုပ်မှုကို အထောက်အကူဖြစ်စေခြင်း စသည်တို့ဖြင့် အာဆီယံဒေသအတွင်းရှိ သစ်ဆွေးမြေဆိုင်ရာဒေသများကို ရေရှည်စီမံအုပ်ချုပ်မှု မြှင့်တင်ပေးနိုင်စေရန် ဖြစ်ပါသည်။

ရည်ရွယ်ချက်များမှာ –

- သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုကိစ္စရပ်များကို ပိုမို နားလည်သဘောပေါက်စေရန်နှင့်စွမ်းဆောင်ရည်မြှင့်တင်ပေးရန်။

- သစ်ဆွေးမြေဒေသ မီးလောင်ကျွမ်းမှုနှင့် ဆက်စပ်မြူခိုးညစ်ညမ်းမှု ဖြစ်စဉ်များကို လျော့နည်းစေရန်။
- အမျိုးသားအဆင့်နှင့် အာဆီယံဒေသကြီးအဆင့်များတွင် သစ်ဆွေးမြေဆိုင်ရာ စီမံအုပ်ချုပ်မှုနှင့် မီးဘေးတားဆီးရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာ၌ ပံ့ပိုးကူညီရန်။
- သစ်ဆွေးမြေဒေသများကို ရေရှည်စီမံအုပ်ချုပ်မှုကဏ္ဍ မြှင့်တင်ရေးအတွက် ဒေသဆိုင်ရာမဟာဗျူဟာရေးဆွဲထားရှိရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ယန္တရားတစ်ခုပေါ်ပေါက်လာစေရန်။

## ၂။ သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုအတွက် ဒေသဆိုင်ရာမဟာဗျူဟာ

### ၂-၁။ မဟာဗျူဟာနောက်ခံသမိုင်း

၂၀၀၃ခုနှစ်၊ အောက်တိုဘာလ ၁၆ရက်နှင့် ၁၇ရက်၌ အင်ဒိုနီးရှား၊ ဘိုဂေါမြို့တွင် ကျင်းပခဲ့သော ပထမအကြိမ်ဒေသဆိုင်ရာ APMI အလုပ်ရုံဆွေးနွေးပွဲတွင်၊ APMS ရေးဆွဲရေးအတွက် လုပ်ငန်းစဉ်ကို အားလုံးသဘောတူညီခဲ့ကြပါသည်။ မဟာဗျူဟာပထမမူကြမ်းကို ပထမအကြိမ် ဒေသဆိုင်ရာ APMI အလုပ်ရုံဆွေးနွေးပွဲတွင် တင်ပြခဲ့သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရရှိသော သတင်းအချက်အလက်များနှင့် ဆက်နွယ်သည့် စာအုပ်စာတမ်းများကို အခြေခံ၍ ရေးဆွဲခဲ့ပါသည်။ ယင်းမူကြမ်းကို ၂၀၀၅ခုနှစ် မေလအတွင်း ကွာလာလန်ပူတွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ဒေသဆိုင်ရာ APMI အလုပ်ရုံဆွေးနွေးပွဲနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ အမျိုးသားအဆင့်ညှိနှိုင်း အစည်းအဝေးများတွင် ပိုမိုကောင်းမွန်ခိုင်မာအောင် ပြင်ဆင်ခဲ့ပါသည်။ ဒေသဆိုင်ရာမဟာဗျူဟာ ပေါ်ပေါက်ရေးလုပ်ငန်းစဉ်တွင် အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (NAP) ရေးဆွဲရေးလည်း ပါဝင်ပါသည်။

### ၂-၂။ သစ်ဆွေးမြေဒေသထိန်းသိမ်းရေးနှင့် ရေရှည်စီမံအုပ်ချုပ်မှုအတွက် စိန်ခေါ်မှုများ

အရှေ့တောင်အာရှတွင်၊ တကမ္ဘာလုံးရှိ အပူပိုင်းဒေသ၊ သစ်ဆွေးမြေသယံဇာတများ၏ ၆၀%ဖြစ်သော ဧရိယာဟက်တာ ၂၅သန်းကျော်ရှိပါ

သည်။ အရှေ့တောင်အာရှရှိ ဤသစ်ဆွေးမြေဒေသသည်၊ ဒေသခံပြည်သူ အစုအဖွဲ့များ၏ အသက်မွေးဝမ်းကြောင်းများအတွက် အထောက်အကူဖြစ်စေပြီး လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ထူးကဲစွာအရေးပါမှုများ ရှိနေပါသည်။

သစ်ဆွေးမြေဒေသသည် ရေအရင်းအမြစ်သံသရာလည်မှု၊ ထူးကဲသော ဇီဝမျိုးစုံမျိုးကွဲများ၏ မူရင်းခိုလှုံရာဒေသဖြစ်မှု၊ အစားအစာရရှိနိုင်မှု(အထူးသဖြင့် ရေချိုငါးနှင့် အခြားသဘာဝထွက်ကုန်များ)၊ သစ်များ၊ သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ(ဥပမာ–ကြိမ်၊ ပျားရည်)ထုတ်လုပ်နိုင်မှု၊ ကာဗွန် သိုလှောင်မှုနှင့် မြုပ်နှံထားမှု စသည့်အထူးကဏ္ဍများတွင် ပါဝင်စွမ်းဆောင် နေပါသည်။ သို့ရာတွင် ယင်း၏အခန်းကဏ္ဍများကို လျစ်လျူပြုခြင်းနှင့် ပစ်ပယ်ထားခြင်းများ ခံနေရပါသည်။ ဤသို့ဖြစ်ရခြင်းမှာ အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေး၊ ငါးလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် ရေအရင်းအမြစ် တို့နှင့်သက်ဆိုင်သည့် လုပ်ငန်းများအား ပေါင်းစပ်ညှိနှိုင်းခြင်း ကင်းမဲ့ပြီး၊ အငြင်းပွားဖွယ်ရာ မူဝါဒများကြောင့် ဖြစ်ပါသည်။

အရှေ့တောင်အာရှဒေသရှိ အပူပိုင်းဒေသ၊ သစ်ဆွေးမြေရှုံ့နွံတောများ အပေါ်တွင်လည်း အထူးသဖြင့် မြေယာမဲ့များနှင့် လူမှု–စီးပွားရေးလိုအပ်ချက် အတွက် စားနပ်ရိက္ခာထုတ်လုပ်မှုများသည် ကြီးထွားလာသဖြင့် ဖိအားပေးမှု တစ်ရပ် ဖြစ်ပေါ်လျှက်ရှိပါသည်။ သို့ဖြစ်၍ ဤထိခိုက်လွယ်သော ဂေဟစနစ် ၏ ချို့ယွင်းပျက်စီးမှုကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း ဖြစ်စေသည့် လူတို့၏ လုပ်ဆောင်ချက်များ၊ (ဥပမာအားဖြင့် သစ်ဆွေးမြေဒေသ မီးလောင်ကျွမ်းမှုကြောင့် ဆိုးဝါးစွာထိခိုက်ရမှုများ) ကြောင့် ရံဖန်ရံခါ ခြိမ်းခြောက်ခံရလျှက်ရှိပါသည်။ သစ်ဆွေးမြေဒေသ၏ သဘာဝ အနေအထားကို နှောင့်ယှက်သော သို့မဟုတ် ပြောင်းလဲလိုက်သော၊ အဓိက လုပ်ဆောင်ချက်များတွင် ရေရှည်မတည်မြဲသော သစ်ထုတ်လုပ်ခြင်းနှင့် မြေနေရာ ကို အကြီးအကျယ် အပြောင်းရှင်းပစ်ခြင်းနှင့် ထိန်းချုပ်မှုမရှိသော ရေနုတ်မြောင်း များ ဖောက်လုပ်ခြင်းတို့ ဖြစ်ပါသည်။

## ၂–၃။ ဒေသဆိုင်ရာ မဟာဗျူဟာအတွက် အခြေခံအကြောင်းရင်းများ

ဒေသအတွင်း၊ သစ်ဆွေးမြေဒေသ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စီမံ အုပ်ချုပ်ရေးကို ရှေးရှုသည့်ကြိုးပမ်းမှု၊ လုပ်ဆောင်မှုများသည်၊ များသောအားဖြင့်

ကိုယ့်နိုင်ငံကိုယ် သီးခြားလုပ်ဆောင်လျှက်ရှိကြောင်း တွေ့ရပါသည်။ အာဆီယံ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များအောက်တွင် အတူတကွ ပူးတွဲလုပ်ဆောင်ချက်၊ ကြိုးပမ်းချက်များပါရှိသော်လည်း ယင်းကြိုးပမ်းချက် သို့မဟုတ် လုပ်ဆောင်ချက်များသည် အကန့်အသတ်နှင့် ဖြစ်နေပါသည်။ SRFA, HTTF, AMMH အစရှိသည့်ကဏ္ဍများအောက် ကြိုးပမ်းဖော်ဆောင်မှုများတွင် မီးလောင်ကျွမ်းမှုနှင့် မြူခိုးပြဿနာကို ကိုင်တွယ်ဖြေရှင်းရန်သာ ချက်ခြင်း အာရုံစူးစိုက်ထားခဲ့ခြင်းဖြစ်၍ ဒေသအတွင်း သစ်ဆွေးမြေဒေသများ၏ အရေးကိစ္စများကို အလေးထားကိုင်တွယ်ဖြေရှင်းနိုင်မည့် ရေရှည်မဟာဗျူဟာ ပါဝင်ခဲ့ခြင်းမရှိပါ။

ဤဒေသအတွင်း၊ မီးလောင်ကျွမ်းမှု၊ ရေနုတ်မြောင်းဖောက်ထုတ်မှု၊ မဆီလျော်သော စီမံအုပ်ချုပ်မှုများကျင့်သုံးမှု၊ အသက်မွေးဝမ်းကြောင်းရွေးချယ်မှု၊ ရေရှည်မတည်မြဲမှု အစရှိသည့်အခြေခံပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရန်အတွက် သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုကဏ္ဍ အတော်များများမှာ တူညီမှုများရှိကြပါသည်။ ထို့ကြောင့်ပင် အသိပညာ၊ ဗဟုသုတ၊ အတွေးအမြင်များ ကျယ်ပြန့်လာစေရန်အတွက်၊ အစုအဖွဲ့အချင်းချင်းအနေဖြင့် ကြုံတွေ့ရသည့် အဓိက အရေးကိစ္စများကို ပိုမိုနားလည်သဘောပေါက်လာစေခြင်းနှင့် ဒေသအတွင်း၊ သစ်ဆွေးမြေစီမံအုပ်ချုပ်မှုတွင် အရေးပါပြီး စိုးရိမ်ရသော သတင်းအချက်အလက်များ ဖလှယ်ရေးကို ပိုမိုလျှင်မြန်သွက်လက်လာစေခြင်း၊ စသည်တို့ဖြစ်ထွန်းလာစေရန်အတွက်၊ တစ်သီးတစ်ခြား လုပ်ကိုင်နေသူများသည် အတူတကွစုစည်းရန် လိုအပ်လာပါသည်။ သို့ဖြစ်၍ အားလုံးပါဝင်ဆောင်ရွက်မှု တိုးမြင့်လာစေမည့် မူဘောင်တစ်ခု ချမှတ်နိုင်ရန်အလို့ငှာ၊ APMI ကို အကောင်အထည်ဖော်ရခြင်း ဖြစ်ပါသည်။

ဤနည်းအားဖြင့်၊ ကန့်သတ်ချက်ရှိသော အရင်းအမြစ်များကို၊ တူညီသော အခြေခံကိစ္စရပ်များအပေါ်တွင် စူးစိုက်စေနိုင်ပြီး ကြိုးပမ်းဆောင်ရွက်မှု တစ်ခုခုကို ပုံတူထပ်မံလုပ်ဆောင်ခြင်းမျိုး ရှောင်ရှားနိုင်မည်ဖြစ်ပါသည်။ ဤကျယ်ပြန့်သော မူဘောင်ပေါ်ထွက်လာခြင်းသည် အာဆီယံဒေသအတွင်း သစ်ဆွေးမြေဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်မှုအတွက် လုပ်ဆောင်သည့်အပိုင်းတွင် ကွာဟချက်များနှင့် ဦးစားပေးနယ်ပယ်များကို ခွဲခြားသတ်မှတ်ခြင်းလုပ်ငန်းကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ သစ်ဆွေးမြေဒေသများကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ရေရှည်စီမံအုပ်ချုပ်မှုအတွက် ပါဝင်ပတ်သက်လျှက်ရှိကြသည့် အကျိုးခံစားခွင့်ရှိသူအားလုံးတို့သည် စုပေါင်းညှိနှိုင်း၍ အများလက်ခံနိုင်မည့် လက်တွေ့ကျကျ လုပ်ဆောင်နိုင်သော အဓိပ္ပါယ်ရှိသည့် မဟာဗျူဟာကို ချမှတ်နိုင်ခဲ့ကြပါသည်။

ဤမဟာဗျူဟာသည် တိုးတက်ကောင်းမွန်လာသော သစ်ဆွေးမြေဒေသကို စီမံအုပ်ချုပ်မှုမှတစ်ဆင့်၊ ဒေသအတွင်း နောင်တွင်သစ်ဆွေးမြေမီးလောင်ကျွမ်းမှု အပြင် ယင်းနှင့်ဆက်နွယ်လျက်ရှိသည့် မြူခိုးအန္တရာယ်တားဆီးထိန်းသိမ်းခြင်းနှင့် ထိန်းချုပ်ခြင်းများကို အမှန်တကယ် အကောင်အထည်ဖော်နိုင်ရန် နိုင်ငံအသီးသီး အတွက် လမ်းညွှန်မှုပြုနိုင်မည်ဟု မျှော်လင့်ပါသည်။

## ၂-၄။ မျှော်မှန်းချက်

မဟာဗျူဟာ၏မျှော်မှန်းချက်သည်၊ ဒေသခံပြည်သူများ၏ အသက်မွေးဝမ်းကြောင်း ရေရှည်တည်တံ့ရေးနှင့်ထောက်ပံ့ပေးရေး၊ မီးလောင်ကျွမ်းမှုနှင့် ဆက်နွယ်သည့် မီးခိုးမြူငွေ့အန္တရာယ်လျော့ပါးစေရေး၊ ကမ္ဘာလုံးဆိုင်ရာ ပတ်ဝန်းကျင်စီမံအုပ်ချုပ်ရေး စသည်တို့တွင် တိုးမြှင့်ပူးပေါင်းပါဝင်ခြင်းနှင့် စုပေါင်း အကောင်အထည်ဖော်ခြင်း စသည့်လုပ်ငန်းများမှတစ်ဆင့်၊ အာဆီယံဒေသအတွင်း ရေရှည်တည်တံ့စေမည့် သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုစနစ်ကို ပိုမိုကောင်းမွန် လာစေရန် ဖြစ်ပါသည်။

ဖော်ပြပါ စီမံအုပ်ချုပ်မှုစနစ်သည် "ဒေသ၏ပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး မလွဲမသွေ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက်လည်းကောင်း၊ ယင်း၏ သယံဇာတများ ရေရှည်တည်တံ့၊ အသုံးချနိုင်ရေးအတွက်လည်းကောင်း၊ ယင်း ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း မြင့်မားစေရေးအတွက် လည်းကောင်း၊ ပြီးပြည့်စုံသောလုပ်ထုံးလုပ်နည်းရှိသည့် သန့်ရှင်း၍၊ စိမ်းလန်းသော အာဆီယံဒေသတစ်ခု ဖြစ်ပေါ်လာရေး" ဟူသည့် အာဆီယံ မျှော်မှန်းချက် ၂၀၂၀နှင့်လည်း ညီညွတ်မှုရှိပါသည်။

ဒေသဆိုင်ရာမဟာဗျူဟာသည်၊ သစ်ဆွေးမြေဒေသကို ရေရှည်စီမံ အုပ်ချုပ်နိုင်ရေးနှင့် အကျိုးရှိစွာအသုံးချနိုင်ရေး၊ မီးလောင်ကျွမ်းမှု တားဆီး ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေး၊ စသည်တို့တွင် ပါဝင်ပတ်သက်သော၊ တာဝန်ခံထားသူများအားလုံးအတွက် အခြေခံမူဘောင်တစ်ခုဖြစ်ပါသည်။ ယင်း

မဟာဗျူဟာသည်၊ အာဆီယံသဘော တူညီချက် ၂ (ဘာလီသဘောတူညီချက်၂) ၏ ကြေငြာစာတမ်းတွင် အခိုင်အမာချမှတ်ထားသည့် ဒေသအတွင်း ပူးပေါင်း ဆောင်ရွက်ရေး မူဝါဒစည်းမျဉ်းများကို အခြေခံ၍ ရေးဆွဲထားခြင်းဖြစ်ပါသည်။ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးလာခြင်းနှင့် နယ်စပ်ဖြတ်ကျော်ညစ်ညမ်းခြင်း တို့နှင့် ဆက်နွယ်သည့် ဒေသဆိုင်ရာ ပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရာတွင် ထိရောက်စွာ ပူပေါင်းဆောင်ရွက်နိုင်ရေးကို ရည်ရွယ်သည့် အာဆီယံလူမှု–ယဉ်ကျေးမှုအသိုက်အဝန်း(ASCC)တစ်ခုပေါ်ပေါက်လာရေးကိုလည်း အထောက် အကူပြုမည်ဖြစ်ပါသည်။ ယင်းမဟာဗျူဟာသည်၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုအပေါ် အာဆီယံသဘောတူညီချက်နှင့် အာဆီယံဒေသ မီးခိုးမြူ ငွေ့ဆိုင်ရာလုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ပါသည်။

## ၂–၅။ ယေဘုယျရည်ရွယ်ချက်များ

အဆိုပြုထားသည့် မဟာဗျူဟာတွင် ယေဘုယျရည်ရွယ်ချက်(၄)ခု ရှိပါသည်။ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

### ယေဘုယျရည်ရွယ်ချက် ၁။ သစ်ဆွေးမြေဒေသအပေါ် အသိပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ရန်

ဒေသအတွင်းသစ်ဆွေးမြေဒေသ အရေးကိစ္စများအပေါ် အသိပညာနှင့် နားလည်မှုတိုးပွားရေးလှုံ့ဆော်ပေးရန်နှင့် သစ်ဆွေးမြေဒေသ ရေရှည်စီမံအုပ်ချုပ်မှု နှင့် အကျိုးရှိစွာအသုံးချမှုအပေါ် စွမ်းဆောင်ရည်မြှင့်တင်ပေးရန်။

### ယေဘုယျရည်ရွယ်ချက် ၂။ နယ်စပ်ဖြတ်ကျော်မြူခိုးညစ်ညမ်းမှုနှင့် သဘာဝ ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှု ကိုင်တွယ်ဖြေရှင်းရန်

ဒေသအတွင်း သစ်ဆွေးမြေမီးလောင်ကျွမ်းမှုနှင့် ဆက်စပ်မီးခိုးမြူငွေ့ အန္တရာယ်ဖြစ်ပွားမှု လျော့နည်းစေရန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း၊ ပူးပေါင်း ကြိုးပမ်းမှုများဖြင့် တားဆီးကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်းများကို ပိုမိုထိရောက်စွာဆောင်ရွက်ရန်။

**ယေဘုယျရည်ရွယ်ချက် ၃။ သစ်ဆွေးမြေဒေသ ရေရှည်စီမံအုပ်ချုပ်မှုကို အဆင့်မြှင့်ရန်**

သစ်တော၊ ရေအရင်းအမြစ်၊ လယ်ယာနှင့် ဒေသခံအသက်မွေးဝမ်းကြောင်းမှုများ၊ ယိုယွင်းပျက်စီးနေသည့် သစ်ဆွေးမြေရှိ နွံတောနှင့် သစ်ဆွေးမြေဒေသ ပြန်လည်ထူထောင်ရေးများအတွက် သစ်ဆွေးမြေဒေသဘက်စုံ စီမံအုပ်ချုပ်မှုစနစ် ဖွံ့ဖြိုးတိုးတက်စေရန်။

**ယေဘုယျရည်ရွယ်ချက်၄။ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး တိုးတက် ဆောင်ရွက်ရန်**

သတင်းအချက်အလက်များ မျှဝေဖလှယ်ခြင်း၊ သုတေသနလုပ်ငန်းဆောင်ရွက်ခြင်း၊ လုပ်ငန်းဆောင်တာများကို အကောင်အထည်ဖော်ခြင်းနှင့် သယံဇာတများ ထုတ်လုပ်သုံးစွဲခြင်းတို့တွင် ပူးတွဲလုပ်ဆောင်ခြင်းဖြင့် ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှုကို အားပေးရန်နှင့်မြှင့်တင်ပေးရန်။

**၂–၆။ လုပ်ငန်းစီမံချက်**

အထက်တွင်ဖော်ပြထားသည့် ယေဘုယျရည်ရွယ်ချက်တစ်ခုစီကို အကောင်အထည်ဖော်ရန်အတွက် အဓိကနယ်ပယ်အုပ်စု (၁၃)မျိုးခွဲခြားထားပြီး လက်တွေ့ဆောင်ရွက်နိုင်မည့် ရည်ရွယ်ချက်များနှင့် လုပ်ငန်းစဉ်များကို အောက်ပါအတိုင်း သတ်မှတ်ပါသည်။

**ဇယား ၁။ အဓိကနယ်ပယ်များနှင့်သက်ဆိုင်ရာ လက်တွေ့ ရည်ရွယ်ချက်များ**

| အဓိကနယ်ပယ် | | လက်တွေ့ရည်ရွယ်ချက်များ |
|---|---|---|
| ၁။ စာရင်းကောက်ယူခြင်းနှင့်၊ အကဲဖြတ်ခြင်း | ၁.၁ | အာဆီယံဒေသအတွင်း၊ သစ်ဆွေးမြေဒေသ အကျယ်အဝန်းနှင့်အခြေအနေကို၊ သတ်မှတ်အတည်ပြုရန် (အဓိပ္ပါယ်ဖွင့်ဆိုချက်ကိစ္စ အပါအဝင်)။ |
| | ၁.၂ | သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုတွင် ရင်ဆိုင်တွေ့ကြုံနေရသော ပြဿနာရပ်များနှင့် |

| | | |
|---|---|---|
| | | ကန့်သတ်ချက် အဟန့်အတားများကို ဖော်ထုတ်ရန်။ |
| | ၁.၃ | သစ်ဆွေးမြေဒေသအခြေအနေနှင့် စီမံအုပ်ချုပ်မှုကို စဉ်ဆက်မပြတ်ကြီးကြပ်ရန်နှင့် အကဲဖြတ်ရန်။ |
| ၂။ သုတေသနလုပ်ငန်း | ၂.၁ | ဦးစားပေးသုတေသနလုပ်ငန်းများကို သတ်မှတ်၍ တာဝန်ယူလုပ်ဆောင်ရန်။ |
| ၃။ အသိပညာပေးရေးနှင့်စွမ်းဆောင်ရည်မြှင့်တင်ရေး | ၃.၁ | သစ်ဆွေးမြေဒေသ၏အရေးပါမှု၊ ယင်း၏ မီးလောင်ကျွမ်းလွယ်ကူမှုနှင့် မီးခိုးမြူငွေ့ အန္တရာယ်ခြိမ်းခြောက်မှုအကြောင်းကို ပြည်သူများ အကြား အသိပညာတိုးပွားရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် စီမံချက်ရေးဆွဲ ဆောင်ရွက်ရန်။ |
| | ၃.၂ | သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုအတွက်၊ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်တိုးမြှင့်ရေးဆောင်ရွက်ရန်။ |
| ၄။ သတင်းအချက်အလက်မျှဝေခြင်း | ၄.၁ | သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်ကို အားပေးခြင်းနှင့်မျှဝေဖလှယ်ခြင်း တိုးမြှင့်ဆောင်ရွက်ရန်။ |
| ၅။ မူဝါဒများနှင့်ဥပဒေပြုခြင်း | ၅.၁ | သစ်ဆွေးမြေဒေသ ကာကွယ်ထိန်းသိမ်းရေးနှင့် သစ်ဆွေးမြေမီးလောင်မှုလျှော့ချရေးအတွက် မူဝါဒများနှင့် ဥပဒေပြုပြင်ခြင်းများကို ပိုမိုဖွံ့ဖြိုးခိုင်မာစေရန်။ |
| ၆။ မီးဘေးတားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကြီးကြပ်ကွပ်ကဲရေး | ၆.၁ | မီးလောင်ကျွမ်းမှုနှင့် ဆက်စပ်မြူခိုးဖြစ်ပွားမှု လျှော့ချပြီး အနည်းဆုံးဖြစ်စေရေးအတွက် ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန်။ |

| | | |
|---|---|---|
| ၇။ သစ်ဆွေးမြေဒေသ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေး | ၇.၁ | သစ်ဆွေးမြေဒေသ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးကို မြှင့်တင်ဆောင်ရွက်ရန်။ |
| ၈။ သစ်ဆွေးမြေဒေသ ဘက်စုံစီမံအုပ်ချုပ်ရေး | ၈.၁ | သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်ရေးတွင် အဖွဲ့အစည်းမျိုးစုံ ပါဝင်ဆောင်ရွက်လာရေးကို မြှင့်တင်ပေးရန်။ |
| | ၈.၂ | ချိုင့်ဝှမ်းတစ်ပိုင်းတစ်စဆောင်ရွက်ခြင်းကို ရှောင်ရှားပြီး၊ ချိုင့်ဝှမ်းတစ်ခုလုံး ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်သည့်နည်းလမ်းကို အသုံးပြု၍၊ ဘက်စုံရေအရင်းအမြစ်နှင့် သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုစနစ်ကို တိုးချဲ့ကျင့်သုံးရန်။ |
| | ၈.၃ | သစ်တောနှင့်သစ်ဆွေးမြေဒေသ ဘက်စုံပူးတွဲစီမံအုပ်ချုပ်သည့်စနစ်ကို မြှင့်တင်ဆောင်ရွက်ရန်။ |
| | ၈.၄ | သစ်ဆွေးမြေဒေသအတွင်း လယ်ယာစိုက်ပျိုးရေးကိုလည်း ဘက်စုံပုံစံအသွင်ဖြင့် ထည့်သွင်းစီမံအုပ်ချုပ်ရန်။ |
| | ၈.၅ | ဒေသခံပြည်သူများ၏ ဘက်စုံအသက်မွေးဝမ်းကြောင်းမှုနှင့် သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုတို့ကို ပေါင်းစပ်ဆောင်ရွက်ရေးအတွက် တိုးမြှင့်ဆောင်ရွက်ပေးရန်။ |
| ၉။ သစ်ဆွေးမြေဒေသ သရုပ်ပြစံပြနေရာ တိုးမြှင့်ဆောင်ရွက်ခြင်း | ၉.၁ | အကောင်းဆုံး စီမံအုပ်ချုပ်မှုစနစ်များကို တိုးမြှင့်ဆောင်ရွက်သွားရန်။ |
| ၁၀။ ပြန်လည်ပြုပြင်ခြင်းနှင့်ပြန်လည်ထူထောင်ရေး | ၁၀.၁ | ယိုယွင်းပျက်စီးနေသော သစ်ဆွေးမြေဒေသများကို ပြန်လည်ပြုပြင်ရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် သင့်လျော်သော နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာစေရန်။ |
| | ၁၀.၂ | မီးလောင်ကျွမ်းမှုကြောင့်၊ ရေနုတ်မြောင်းဖောက်ထားသည့်၊ ပျက်စီးယိုယွင်းနေသော သစ်ဆွေးမြေဒေသများကို ပြန်လည်ထူထောင်ပေးရန်။ |

| | | |
|---|---|---|
| ၁၁။ သစ်ဆွေးမြေဒေသနှင့်ရာသီဥတုပြောင်းလဲမှု | ၁၁.၁ | ကာဗွန်စုပ်ယူခြင်းနှင့် သိုလှောင်ခြင်းပြုလုပ်သည့် သစ်ဆွေးမြေဒေသ၏စွမ်းဆောင်ချက်များတိုးတက်လာစေရန်နှင့် အကာအကွယ်ပေးရန်။ |
| | ၁၁.၂ | ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့်အညီ သစ်ဆွေးမြေဒေသတွင်လည်း လိုက်လျောညီထွေဖြစ်စေရေးကို အထောက်အကူပြုရန်။ |
| ၁၂။ ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှု | ၁၂.၁ | သစ်ဆွေးမြေဒေသကိစ္စရပ်များ ကိုင်တွယ်ဖြေရှင်းရာတွင် ကျွမ်းကျင်မှုနည်းပညာများဖလှယ်ရေးကို တိုးမြှင့်ဆောင်ရွက်ရန်။ |
| | ၁၂.၂ | အာဆီယံဒေသအတွင်း သစ်ဆွေးမြေဒေသတိုင်းတာသတ်မှတ်ရေးနှင့် စီမံအုပ်ချုပ်ရေးအတွက် 'အရည်အသွေးနှင့်ပြည့်စုံသောဌာနများ' (Centres of Excellence) ဖွဲ့စည်းတည်ထောင်ထားရှိရန်။ |
| | ၁၂.၃ | အခြားဆက်နွယ်သည့် သဘောတူညီချက်များနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးယန္တရားများ အကောင်အထည်ဖော်ရေးတွင် အထောက်အကူပြုရန်။ |
| | ၁၂.၄ | သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုတွင် ပံ့ပိုးကူညီမှုပေးနိုင်မည့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှအကျိုးခံစားခွင့်ရှိသူများပါဝင်သော မိတ်ဆွေအဖွဲ့အစည်းများထားရှိရေးကို အားပေးရန်။ |
| ၁၃။ မဟာဗျူဟာအကောင်အထည်ဖော်ရေးအတွက် ရန်ပုံငွေ | ၁၃.၁ | မဟာဗျူဟာ၏ ပန်းတိုင်ရောက်ရှိရန် ဆောင်ရွက်ရမည့်အစီအစဉ်များနှင့် လုပ်ငန်းများအတွက် လိုအပ်မည့် ရန်ပုံငွေများ ပံ့ပိုးပေးနိုင်သော အရင်းအမြစ်များကို ဖော်ထုတ်ရန်။ |

ဖော်ပြပါလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် လက်တွေ့ဖြစ်မြောက်ဆောင်ရွက်နိုင်ရန်အတွက် မဟာဗျူဟာမြောက် လုပ်ငန်းစီမံချက်တစ်ရပ်

လိုအပ်ပါသည်။ သီးခြားအဆင့်နှင့်အချိန်ဇယားအရ အကောင်အထည်ဖော်ရန်ရှိသည့် လက်တွေ့ဆောင်ရွက်နိုင်သော ရည်ရွယ်ချက်တစ်ချက်စီအတွက် တိကျသောလုပ်ငန်းများကို သတ်မှတ်ပေးထားပါသည်။ အဆင့်(၂)ဆင့်ရှိပါသည်။ (၁)ဒေသအဆင့် (R) တွင် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် (၂)အာဆီယံအဖွဲ့ဝင်နိုင်ငံများက ၎င်းတို့၏သက်ဆိုင်ရာ အမျိုးသားအဆင့် (C) လုပ်ငန်းစီမံချက်များ ဖြစ်ပါသည်။ တနည်းအားဖြင့်၊ ဆောင်ရွက်သင့်သည်ဟု ယူဆထားသောအဆိုပြုလုပ်ငန်း အဆင့်(၂)ဆင့်ရှိပါသည်။ ဒေသအဆင့်လုပ်ငန်းများသည်၊ အတွေ့အကြုံများ၊ သတင်းအချက်အလက်များနှင့် ဗဟုသုတများ ဝေမျှဖလှယ်ခြင်း၊ အာဆီယံဒေသဆိုင်ရာ ကွန်ယက်များ၊ ပူးတွဲချဉ်းကပ်နည်းနှင့် လုပ်ထုံးလုပ်နည်းများ၊ စံချိန်စံညွှန်းများ စသည်တို့ဆောင်ရွက်ထားခြင်းဖြင့် အမျိုးသားအဆင့်လုပ်ငန်းများကို ပြီးပြည့်စုံစေသော၊ သို့မဟုတ် ပိုကောင်းစေသော လုပ်ငန်းများ ဖြစ်စေနိုင်ပါသည်။

လုပ်ငန်းအသီးသီးကို သတ်မှတ်ချိန်များအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်ပါသည်။ အဆိုပြုထားသော အချိန်ကာလ(၃)မျိုးရှိပါသည်။

(၁) ကာလတို S – (၂၀၀၅–၂၀၁၀)မှာ ၅နှစ်တာကာလအတွင်း၊ ပြီးစီးသင့်သည့်လုပ်ငန်းများ

(၂) ကာလလတ် M – (၂၀၀၅–၂၀၁၅)မှာ ၁၀နှစ်တာ ကာလအတွင်း ပြီးစီးသင့်သည့်လုပ်ငန်းများ

(၃) ကာလရှည် L – (၂၀၀၅–၂၀၂၀)မှာ ၂၀၂၀ခုနှစ်တွင် ပြီးစီးသင့်သည့် လုပ်ငန်းများဖြစ်ပြီး လောလောဆယ် စတင်လုပ်ဆောင်ရန်မလိုသေးသည့် လုပ်ငန်းများ

(၄) စဉ်ဆက်မပြတ် C – အခြေခံအားဖြင့် လုပ်ဆောင်သွားသင့်သည့် လုပ်ငန်းများ ဖြစ်ပါသည်။

လုပ်ငန်းတစ်ခုစီအတွက် ဦးစားပေးအဆင့်တစ်ခုကိုလည်း သတ်မှတ်ထားပါသည်။ အဆင့်နိမ့်(L)၊ အဆင့်လတ်(M)နှင့် အဆင့်မြင့်(H)ဟူ၍ ဦးစားပေးအဆင့်(၃)ဆင့် ခွဲခြားထားပါသည်။ လုပ်ငန်းတစ်ခုချင်းအတွက် ဦးစားပေးအဆင့်ကို သတ်မှတ်ထားခြင်းဖြင့်၊ မဟာဗျူဟာအကောင်အထည်ဖော်ရာတွင် လျင်မြန်သွက်လက်စေပြီး၊ ငွေအင်အား၊ လူအင်အားစသည့် အရင်းအမြစ်ကန့်သတ်ချက်ရှိသောဒေသများတွင်၊ အထောက်အကူပြု ဖြေရှင်းပေးရာရောက်ပါသည်။ လုပ်ငန်းငယ်များကို အာရုံစူးစိုက်မှုသည် ရန်ပုံငွေရှာဖွေရန် ပိုမိုလွယ်ကူပြီး ဒေသကြီးဆိုင်ရာ မဟာဗျူဟာအကောင်အထည်ဖော်မှုကို ပိုမိုသွက်လက်

စေမည် ဖြစ်သည်။ နိုင်ငံအဆင့်လုပ်ငန်းများကို ဦးစားပေးအဆင့်များ သတ်မှတ်ထားခြင်းဖြင့်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံအသီးသီး၏ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် (NAP) တွင် ပါရှိသော လုပ်ငန်းစဉ်များကို ဦးစားပေးအဆင့် သတ်မှတ်ရန်အတွက် လမ်းညွှန်သဖွယ်ဖြစ်စေပါသည်။

လုပ်ငန်းအစီအစဉ်တွင်ပါရှိသော နောက်ဆုံးစာတိုင်သည်၊ လုပ်ငန်းစဉ်တစ်ရပ်ခြင်းအတွက် အထောက်အကူဖြစ်စေရန် လိုအပ်ချက်လမ်းညွှန်အဖြစ် အကြံပြုထားပါသည်။ ၎င်းစာတိုင်သည် လုပ်ငန်းစဉ်တစ်ခုခြင်းအတွက် ရန်ပုံငွေရရှိရေးနှင့်တကွ အကောင်အထည်ဖော်မည့် မဟာဗျူဟာကို အကြံပြုထားပါသည်။ ဆိုလိုသည်မှာ လုပ်ငန်းစဉ်အတွက် ရန်ပုံငွေ (F) နှင့် ကျွမ်းကျင်မှုအထောက်အကူများ လိုအပ်လာပါက၊ အာဆီယံဒေသအတွင်းမှ ကျွမ်းကျင်သူပညာရှင်များနှင့် ရန်ပုံငွေများရရှိနိုင်လျှင် (AT) ဟု ဖော်ပြပြီး၊ ပြင်ပမှရယူရမည်ဖြစ်ပါက (ET) ဟူ၍ ဖော်ပြရန်ဖြစ်ပါသည်။

အသေးစိတ်လုပ်ငန်းစီမံချက် (DAP) တစ်ရပ်ကို၊ အာဆီယံဒေသဆိုင်ရာမဟာဗျူဟာချမှတ်ပြီးသည်နှင့် ဆက်လက်၍ ရေးဆွဲဖော်ထုတ်သင့်ပါသည်။ ၎င်း DAP တွင်၊ ရန်ပုံငွေ၊ ငွေကြေးထောက်ပံ့မှု၊ သတ်မှတ်ရက်၊ အကောင်အထည်ဖော်သည့်အဖွဲ့၊ ကြီးကြပ်ကွပ်ကဲမှုစနစ်၊ စသည်တို့ကို လေးထောင့်ကွက်ဇယားဖြင့် အသေးစိတ် ဖော်ပြထားရန်ဖြစ်ပါသည်။ ၎င်းDAP ကို အမြဲပြောင်းလဲနိုင်သော စီမံချက်တစ်ရပ်အနေဖြင့် သတ်မှတ်ထားသင့်ပြီး၊ အခါအားလျော်စွာ၊ နောက်ဆုံးအခြေအနေများ ထည့်သွင်းခြင်း၊ ပိုမိုကောင်းမွန်အောင်ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်ပေးရန် ဖြစ်ပါသည်။ ဆောင်ရွက်ခဲ့သော/ဆောင်ရွက်ပြီးသော လုပ်ငန်းများအပေါ် သုံးသပ်အကဲဖြတ်ခြင်းရလဒ်အပေါ်မူတည်၍၊ တည်ရှိပြီးဖြစ်သော လုပ်ငန်းစဉ်အချက်အလက်များကို ပြင်ဆင်ခြင်း၊ လုပ်ငန်းအသစ်များ ဖြည့်စွက်ခြင်း၊ မလိုအပ်သောအရာများကို ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ပါသည်။ DAP တွင် ပြောင်းလဲခြင်းများ၊ နောက်ဆုံးအချက်အလက် ထည့်သွင်းခြင်းများကို၊ သက်ဆိုင်ရာ အာဆီယံဌာနအဖွဲ့အစည်းသို့ အစီရင်ခံရပါမည်။ APMS အတွက် DAP ကို နောက်ဆုံးအချက်အလက်များ ထည့်သွင်းပြင်ဆင်ခြင်းနှင့် ပိုမိုကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခြင်းများကို၊ ဒေသဆိုင်ရာမီးခိုးမြူငွေ့လုပ်ငန်း အစီအစဉ်အတွက် အသေးစိတ်လုပ်ငန်းအကောင်အထည်ဖော်ရေးစီမံချက် (DIP) ဖွံ့ဖြိုးပေါ်ပေါက်လာရေးအတွက် အသုံးပြုသည့် လုပ်ထုံးလုပ်နည်းနှင့် ပုံစံအတိုင်း လိုက်နာလုပ်ဆောင်ရန် ဖြစ်ပါသည်။ DAP သည်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ

သို့မဟုတ် အာဆီယံဦးဆောင်လုပ်သည့်လုပ်ငန်းများသာမက၊ လုပ်ငန်းစဉ်တစ်ခုခု အကောင်အထည်ဖော်ရန် အထောက်အကူပေးသည့် အလှူရှင် သို့မဟုတ် မိတ်ဆက်အဖွဲ့အစည်း၊ ဦးဆောင်ပြုလုပ်သည့်လုပ်ငန်းများအတွက်လည်း သက်ဆိုင်မှုရှိသင့်ပါသည်။

## ၂–၇။ အမျိုးသားအဆင့် လုပ်ငန်းစီမံချက်များ (NAPs)

နိုင်ငံတစ်နိုင်ငံစီအလိုက် ကြိုးပမ်းအားထုတ်ကြရာတွင် အာဆီယံအဖွဲ့ဝင် နိုင်ငံများသည် ဒေသဆိုင်ရာမဟာဗျူဟာ၏ ရည်ရွယ်ချက်များနှင့် ကြိုးပမ်း အားထုတ်မှုများကို ထည့်သွင်းစဉ်းစားလျက်၊ ၂၀၀၆ မှ ၂၀၂၀ ခုနှစ်အထိ ကာလ၊ သီးခြားအမျိုးသားအဆင့်လုပ်ငန်းစီမံချက် (NAPs) ကို ရေးဆွဲသင့်ပါ သည်။ ၄င်း NAPs များသည်၊ ဒေသဆိုင်ရာမဟာဗျူဟာနှင့် အပြန်အလှန် သဘောသဘာဝခြင်းဆက်နွယ်မှု၊ ဖြည့်ဆည်းမှုများ ဖြစ်စေသင့်ပါသည်။ NAPs များအရ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အာဆီယံ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံခြင်းအနေဖြင့်၊ မိမိတို့၏အမျိုးသားအဆင့်တွင် နီးနှော ဖလှယ်ပွဲများကျင်းပ၍ ညှိနှိုင်းဆုံးဖြတ်ရန် ဖြစ်ပါသည်။ အာဆီယံအဖွဲ့ဝင် နိုင်ငံများသည်၊ NAPs များကို ရေးဆွဲမှုနှင့် အကောင်အထည်ဖော်မှုများအတွက် ရန်ပုံငွေအရင်းအမြစ်များ ရရှိနိုင်မှုအင်အား အခြေအနေကိုလည်း ထည့်သွင်းစဉ်းစား သင့်ပါသည်။ သက်ဆိုင်ရာ အာဆီယံအဖွဲ့အစည်းကလည်း၊ အာဆီယံဒေသဆိုင်ရာ မဟာဗျူဟာနှင့် လိုက်လျောညီထွေစွာ ဖြစ်မြောက်မှုအတွက် NAPs တစ်ခုခြင်း အပေါ် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းများကို ပြုလုပ်သင့်ပါသည်။

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် ရိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် C,R | အချိန်ကာလ S/M L/C | ဦးစားပေးအဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| ၁။ စာရင်းကောက်ယူခြင်းနှင့်အကဲဖြတ်ခြင်း | ၁. ၁း အာဆီယံဒေသအတွင်း သစ်ဆွေးမြေဒေသအကျယ်အဝန်းနှင့် အခြေအနေ၊ သတ်မှတ် အတည်ပြုရန်(အဓိပ္ပါယ်ဖွင့်ဆိုချက် ကိစ္စအပါအဝင်) | ၁. ၁. ၁ | သစ်ဆွေးမြေဒေသ၏ အဓိပါယ်နှင့်အတန်းအစားများ တပြေးညီရှိစေရန် (ဥပမာ-အမျိုးအစား၊ အတိမ်အနက်၊ သဘာဝပေါက်ပင်၊ ရေဖွဲ့စည်းပုံစနစ်၊ ပမာဏ) | C,R | S | H | AT |
| | | ၁. ၁. ၂ | အမျိုးသားအဆင့်အသေးစိတ်စာရင်းကောက်ယူခြင်းဖြင့် ဒေသအတွင်း သစ်ဆွေးမြေဒေသ၏ပမာဏနှင့် အခြေအနေကို ဆုံးဖြတ်သုံးသပ်ရန် (သစ်ဆွေးမြေဒေသများကာကွယ်ခြင်းအခြေအနေ၊ ဆုတ်ယုတ်လာမှု အခြေအနေနှင့် မြေအသုံးချမှုအခြေအနေအပါအဝင်) | C,R | C | H | AT,F |
| | | ၁. ၁. ၃ | သစ်ဆွေးမြေဒေသနှင့် ယင်းနှင့်ဆက်နွယ်သော ဇဝဟဗေဒ၏ တိုက်ရိုက်နှင့် သွယ်ဝိုက်အသုံး ဝင်ပုံနှင့် တန်ဘိုးတို့ကို လေ့လာစီစစ်ရန် | C,R | C | H | AT,F |
| | ၁. ၂းသစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုတွင် ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာရပ်များနှင့်ကန့်သတ်ချက်အဟန့်အတားများကို ဖော်ထုတ် ခြင်း | ၁. ၂. ၁ | သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုတွင်ရင်ဆိုင်နေရသောပြဿနာများ၊ အခက်အခဲများနှင့် အခွင့်အလမ်းများကိုဖော်ထုတ်ရန် | C,R | S | H | AT |
| | | ၁. ၂. ၂ | ဖြစ်နိုင်ခြေရှိသောစီမံအုပ်ချုပ်မှုနည်းလမ်းများသတ်မှတ်ဖော်ထုတ်ရန် အတွက် စီမံအုပ်ချုပ်မှုနှင့် ဆက်နွယ်သည့် ပြဿနာများကိုသုံးသပ်ရန် | C,R | M | H | AT,F |

နောက်ဆက်တွဲ - ၁

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် C,R | အချိန်ကာလ S/M L/C | ဦးစားပေးအဆင့် | (အာစီယံပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| | ၁. ၃းသစ်ဆွေးမြေဒေသအခြေအနေနှင့် စီမံအုပ်ချုပ်မှုကို စဉ်ဆက်မပြတ်ကြီးကြပ်ရန်နှင့်အကဲဖြတ်ရန် | ၁. ၃. ၁ | သစ်ဆွေးမြေဒေသဧရိယာအတွင်းဂေဟဗေဒစနစ်ပြောင်းလဲခြင်းနှင့်စီမံအုပ်ချုပ်မှု ကိစ္စရပ်များအတွက်သစ်ဆွေးမြေဒေသကိုစဉ်ဆက်မပြတ်ကြီးကြပ်ကွပ်ကဲနိုင်မည့် လမ်းညွှန်ချက်တစ်ရပ်ဖော်ထုတ်ရန် | R | S | M | AT,ET,F |
| | | ၁. ၃. ၂ | သစ်ဆွေးမြေဒေသများ၊ရေအရည်အသွေး၊ရူပဓါတုသွင်ပြင်လက္ခဏာများ အပါအဝင်သစ်ဆွေးမြေဒေသအားစဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲစေရန် | C | C | H | AT,F |
| ၂. သုတေသနလုပ်ငန်း | ၂. ၁း ဦးစားပေး သုတေသနလုပ်ငန်း များကို တာဝန်ယူလုပ်ဆောင်ရန် | ၂. ၁. ၁ | သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုအတွက် သင့်လျော်သောနည်းပညာများနှင့် လက်တွေ့လုပ်ဆောင်ချက်များအပေါ်သုတေသနပြုလုပ်ရန် | C | M | H | AT,ET,F |
| | | ၂. ၁. ၂ | သစ်ဆွေးမြေဒေသလုပ်ငန်းစဉ်များကိုပိုမိုသိရှိလာနိုင်ရန်အတွက်သစ်ဆွေးမြေဒေသ၏ ဂေဟဗေဒစနစ်နှင့် သက်ရှိမျိုးစိတ်များရေစီးရေလာစနစ်များနှင့် ပါတ်သတ်၍ အခြေခံသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် | C,R | L | M | AT,ET,F |
| | | ၂. ၁. ၃ | သစ်ဆွေးမြေဒေသထုတ်ကုန်နှင့် သယံဇာတများလက်ရှိအသုံးချမှု အသစ်အဆန်းဖော်ထုတ် အသုံးချနိုင်ရေးအတွက် သုတသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်း များ ဆောင်ရွက်ရန် | C | C | H | AT,ET,F |

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် C,R | အချိန်ကာလ S/M L/C | ဦးစားပေးအဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| | | ၂. ၁. ၄ | ကျေးလက်ဒေသခံတို့၏ ဗဟုသုတနှင့် အလေ့အကျင့်ပေါ် အခြေခံ၍ ဖွံ့ဖြိုးတိုးတက်မှုနှင့် စားဝတ်နေရေးကိုသုံးသပ်/အထောက်အကူပြုသော သုတေသန လုပ်ငန်းများဆောင်ရွက်ရန် | C | M | H | AT,ET,F |
| | | ၂. ၁. ၅ | သစ်ဆွေးမြေဒေသသယံဇာတများ၏စီးပွားရေးတန်ဘိုးကိုလေ့လာသုတေသန ပြုရန် | C,R | M | M | AT,ET,F |
| ၃. အသိပညာပေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး | ၃. ၁း သစ်ဆွေးမြေဒေသ၏ အရေးပါမှု၊ ယင်း၏မီးလောင်ကျွမ်းလွယ်မှုနှင့် မြူခိုးအန္တရာယ်ခြိမ်းခြောက်မှုများကို ကျယ်ကျယ်ပြန့်ပြန့်စီမံချက်ရေးဆွဲအကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူအကြား အသိပညာတိုးပွားစေရန် | ၃. ၁. ၁ | ဗွီဒီယို၊ တီဗွီ၊ မီဒီယာ၊စာသင်ကျောင်းများ တိုးချဲ့ပညာပေးလုပ်ငန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သတင်းအချက်အလက် လဲလှယ်မှုအစီအစဉ်နှင့် (SEA-Peat Networkကဲ့သို့ကွန်ယက်များစသည့်များ ပါဝင်သော သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုအတွက် ဆက်သွယ်ရေးမဟာဗျူဟာ တစ်ရပ်တိုးတက်အကောင်အထည်ဖော်ရန် | C,R | S | M | AT,ET,F |
| | | ၃. ၁. ၂ | သစ်ဆွေးမြေဒေသတန်ဖိုး၊ ခြိမ်းခြောက်မှုများ၊ ဆိုးကျိုး၊ ကောင်းကျိုးသက်ရောက်မှုများနှင့် ရေရှည်စီမံအုပ်ချုပ်မှုနည်းလမ်းများကို ပိုမိုသဘောပေါက်နားလည်စေရန် ဒေသဘာသာစကားဖြင့် အသိပညာပေးစာစောင်များနှင့် ဆီလျော်သောလုပ်ငန်းဆောင်တာများတိုးတက်ဆောင်ရွက်ရန် | C | S | H | AT,F |

ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
(၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

နောက်ဆက်တွဲ - ၁

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြု လုပ်ငန်း အဆင့် **C,R** | အချိန် ကာလ **S/M L/C** | ဦးစား ပေး အဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ **AT/ET/F**) |
|---|---|---|---|---|---|---|---|
| | | ၃. ၁. ၃ | ပြည်သူလူထုနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများအား၊ သစ်ဆွေးမြေဒေသ၏ အခန်းကဏ္ဍ၊ယင်း၏ဂေဟဗေဒနှင့်စီးပွားရေးကဏ္ဍစသည်တို့နှင့်ပတ်သက် သည့် သတင်းအချက်အလက်များကိုဖြန့်ဝေပေးရန် | C,R | C | H | AT,F |
| | ၃. ၂။ သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မ အတွက်ဌာနအဖွဲ့အစည်း လုပ်ကိုင်နိုင်မှု စွမ်းရည်တည် ဆောက်ရန် | ၃. ၂. ၁ | လူအရင်းအမြစ်တိုးပွားစေရန်နှင့် ဌာနအဖွဲ့အစည်းစွမ်းဆောင်ရည်ခိုင်မာစေ ရန် အတွက် ထောက်ပံ့ကူညီရန် | C,R | C | H | AT,ET,F |
| | | ၃. ၂. ၂ | လေ့ကျင့်သင်ကြားပေးရန်နည်းပညာအရင်းအမြစ်ဖော်ထုတ်၍၊ဒေသခံကျွမ်း ကျင်သူပညာရှင်များပါဝင်သည့်အဓိကလုပ်ငန်းအဖွဲ့တစ်ရပ်တည်ထောင်ရန် | C,R | M | M | AT,ET,F |
| | | ၃. ၂. ၃ | လုပ်ငန်းယန္တရားတစ်ရပ်ထူထောင်၍၊ သင်တန်းများ၊အလုပ်ရုံဆွေးနွေးပွဲများ ဆက်စပ်အစည်းအဝေးများ၊ လေ့လာရေးခရီးများကို စည်းရုံးဆောင်ရွက်ရန် | C,R | C | H | AT,F |
| | | ၃. ၂. ၄ | လက်တွေ့သင်တန်းပေးခြင်းများအပါအဝင် သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှု အတွက်နည်းပညာဖလှယ်ခြင်းများကို ထောက်ပံ့ကူညီရန် | C,R | M | H | AT,ET,F |

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် **C,R** | အချိန်ကာလ **S/M L/C** | ဦးစားပေးအဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ **AT/ET/F**) |
|---|---|---|---|---|---|---|---|
| | | ၃. ၂. ၅ | မီးလောင်ကျွမ်းမှုအန္တရာယ်ကြီးမားသည့် ဒေသများတွင်သက်ဆိုင်ရာအဖွဲ့အစည်းများအားလိုအပ်သည့် ပစ္စည်းကိရိယာများနှင့် သင်တန်းများပေးရန် | C | S | H | AT,ET,F |
| | | ၃. ၂. ၆ | ကွန်ယက်နှင့် လုပ်ငန်းအဖွဲ့များမှတဆင့် သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုနှင့် ပတ်သက်သည့်အကျိုးခံစားခွင့်ရှိသူအားလုံးအတွင်းချိတ်ဆက်ညှိနှိုင်းမှုများအားပေးရန် | C | C | M | F |
| ၄. သတင်းအချက်အလက်မျှဝေခြင်း | ၄. ၁း သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်အားပေးရန်နှင့် မျှဝေဖလှယ်ခြင်းတိုးမြှင့်ဆောင်ရွက်ရန် | ၄. ၁. ၁ | သစ်ဆွေးမြေဒေသဆိုင်ရာသတင်းအချက်အလက်များရှာဖွေစုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်းအတွက်ဗဟိုဌာနတစ်ခုတည်ထောင်ရန်သို့မဟုတ်လက်ရှိစနစ်ကို ပိုမိုခိုင်မာစေရန် | C,R | C | H | AT,ET,F |
| | | ၄. ၁. ၂ | ASEAN Haze Action Online, SEA Peat Portal, အလုပ်ရုံဆွေးနွေးပွဲများ၊ စာရွက်စာတမ်းများ၊ ကွန်ယက်များစသည့်များကိုအသုံးပြု၍ ဒေသအတွင်းချိတ်ဆက်ခြင်း၊အတွေ့အကြုံများဖလှယ်ခြင်းများတိုးမြှင့်ဆောင်ရွက်ရန်နှင့် နိုင်ငံအလိုက်အမျိုးသားအဆင့်သတင်းအချက်အလက်ဖလှယ်ရေး စွမ်းဆောင်ရည်ကိုလည်းမြှင့်တင်ပေးရန် | R | C | H | AT,F |

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် C,R | အချိန်ကာလ S/M L/C | ဦးစားပေးအဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| | | ၄. ၁. ၃ | သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှု၊ အကျယ်အဝန်းပမာဏ၊ အခြေအနေတို့နှင့် ပတ်သက်၍ ဒေသအတွင်းသတင်းအချက်အလက်ဖလှယ်ရေးတိုးမြှင့်ဆောင်ရွက်ရန်နှင့်အကောင်းဆုံးစီမံအုပ်ချုပ်မှုလုပ်ငန်းဆောင်ရွက်ချက်များကိုလက်စွဲစာအုပ်များပြုစုထုတ်ဝေပေးရန် | C,R | C | H | AT,F |
| ၅. မူဝါဒနှင့် ဥပဒေ ပြုပြင်ခြင်း | ၅. ၁းသစ်ဆွေးမြေဒေသကာကွယ်ထိန်းသိမ်းရေးနှင့်သစ်ဆွေးမြေမီးလောင်မှုလျော့ချရေးအတွက်မူဝါဒများနှင့်ဥပဒေပြုပြင်ခြင်းများပိုမိုဖွံ့ဖြိုးခိုင်မာစေရန် | ၅. ၁. ၁ | သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုအတွက်သီးခြားဌာန၊အဖွဲ့အစည်းတစ်ရပ်ကိုသတ်မှတ်တာဝန်ပေးရန် | C | S | H | AT,F |
| | | ၅. ၁. ၂ | သစ်ဆွေးမြေဒေသအတွက် စီမံအုပ်ချုပ်မှုနှင့် ဘက်စုံမြေအသုံးချရေးစီမံချက်သွက်လက်မြန်ဆန်စေရေးအပါအဝင် သစ်ဆွေးမြေဒေသထိန်းသိမ်းရေးနှင့်အကျိုးရှိစွာအသုံးချရေးနှင့် ပတ်သက်သော အမျိုးသားအဆင့်မူဝါဒများနှင့်မဟာဗျူဟာများကို ဖော်ထုတ်ရန် သို့မဟုတ် ခေတ်နှင့် အညီမွမ်းမံပေးရန် | C | S | H | AT |
| | | ၅. ၁. ၃ | ဥပဒေအာဏာသက်ရောက်မှုတိုးမြှင့်ဆောင်ရွက်ရန် | C | M | H | AT,F |

နောက်ဆက်တွဲ - ၁

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြု လုပ်ငန်း အဆင့် C,R | အချိန် ကာလ S/M L/C | ဦးစား ပေး အဆင့် | (အာစီယံပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| ၆. မီးဘေးတားဆီးရေး၊ ထိန်းချုပ်ရေးနှင့် ကြိုးကြပ်ကွပ်ကဲရေး | ၆. ၁း မီးလောင်ကျွမ်းမှုနှင့် ဆက်စပ်မြူခိုး ဖြစ်ပွားမှုလျော့ချ၍ အနည်းဆုံးဖြစ်စေရန် | ၆. ၁. ၁ | ဒေသအတွင်းမီးလောင်ကျွမ်းမှုအန္တရာယ်ကြီးမားသောသစ်ဆွေးမြေဒေသများ ရွေးချယ်သတ်မှတ်ရန်နှင့်ကြိုတင်ကာကွယ်ရေးစီမံချက်များရေးဆွဲထားပြီး ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ထားရန် | C,R | C | H | AT,ET,F |
| | | ၆. ၁. ၂ | ရာသီဥတုအခြေအနေနှင့် အန္တရာယ်ကြီးမားသည့် ဧရိယာများအတွင်း အဓိကအရေးကြီးနေရာများကို စဉ်ဆက်မပြတ်လေ့လာကြီးကြပ်ရန်နှင့် လိုအပ်သလိုသင့်လျော်သည့် သတိပေးချက်များထုတ်ပြန်ရန် | C,R | C | H | AT,ET,F |
| | | ၆. ၁. ၃ | မီးမလောင်စေရေးအတွက်မြေအသုံးချမှုအမျိုးအစားအလိုက်သစ်ဆွေးမြေဒေသရှိမြေအောက်ရေ မျက်နှာပြင်အမြင့်ကိုသင့်လျော်စွာစီမံထားရှိရန် | C,R | C | H | AT,ET,F |
| | | ၆. ၁. ၄ | သစ်ဆွေးမြေဒေသမီးငြိမ်းသတ်/ထိန်းချုပ်ရေးအတွက်သင့်လျော်သောနည်းစနစ်များဖော်ထုတ်/တိုးတက်စေရန် | CR | C | H | AT,ET,F |

နောက်ဆက်တွဲ - ၁

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြု လုပ်ငန်း အဆင့် **C,R** | အချိန် ကာလ **S/M L/C** | ဦးစား ပေး အဆင့် | (အာစီယံပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ **AT/ET/F**) |
|---|---|---|---|---|---|---|---|
| | | ၆. ၁. ၅ | သစ်ဆွေးမြေဒေသရှိသစ်တောနှင့် လယ်ယာစိုက်ပျိုးရေးတာဝန်ရှိအဖွဲ့အစည်းများအတွင်းသစ်ဆွေးမြေမီးဘေးကာကွယ်တားဆီးရေးအဖွဲ့များတည်ထောင်ထားရန်အပါ အဝင်၊သစ်ဆွေးမြေဒေသမီးဘေးကာကွယ်တားဆီးရေးနှင့်ငြိမ်းသတ်ထိန်းချုပ်ရေးတွင်ပါဝင်ဆောင်ရွက်သည့်ဌာနအဖွဲ့အစည်း၏ စွမ်းဆောင်ရည်မြင့်မားစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပေးရေး | CR | C | H | AT,ET,F |
| | | ၆. ၁. ၆ | မီးဘေးတားဆီးရေးနှင့် ငြိမ်းသတ်ထိန်းချုပ်ရေးတွင် ကျေးရွာသားများနှင့် အကျိုးခံစားခွင့်ရှိသူအားလုံးတက်ကြွစွာပါဝင်ဆောင်ရွက်ရေး | CR | C | H | AT,F |
| | | ၆. ၁. ၇ | စီးပွားဖြစ်လယ်ယာစိုက်ပျိုးရေးအတွက်မီးလုံးဝမလောင်ကျွမ်းရေးမဟာဗျူ ဟာနှင့် ဒေသခံကျေးလက်ပြည်သူအတွက်မီးလောင်ကျွမ်းမှု အနည်းဆုံးဖြစ်စေရေးဆောင်ရွက်ရန် | C | C | H | AT,F |
| | ၇. ၁း သစ်ဆွေးမြေဒေသဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းစောင့်ရှောက်ရေးမြှင့်တင်ဆောင်ရွက်ရန် | ၇. ၁. ၁ | ဒေသအတွက်သို့မဟုတ်ကမ္ဘာအတွက်အရေးပါသောဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့် သက်ဆိုင်သည့် သစ်ဆွေးမြေဒေသများကိုရွေးချယ်သတ်မှတ်ရန် | C,R | C | H | AT,ET,F |

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြု လုပ်ငန်း အဆင့် C,R | အချိန် ကာလ S/M L/C | ဦးစား ပေး အဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| ၇. သစ်ဆွေးမြေဒေသဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး | | ၇. ၁. ၂ | သစ်ဆွေးမြေဒေသနှင့် ယင်းဇီဝမျိုးစုံမျိုးကွဲများအတွက်ကာကွယ်ထိန်းသိမ်း ထားသည့်ဒေသများနှင့် ပတ်သက်၍စုဆောင်းဖော်ပြထားသောကွန်ယက် အတွင်း၊ ယင်းတို့၏လက်ရှိအနေအထား၊ကွာဟလိုအပ်ချက်များ၊ခြိမ်းခြောက်မှုများကိုလေ့လာပြီး၊ဦးစားပေးကာကွယ်ထိန်းသိမ်းရမည့်ဒေသများကိုရွေးချယ် သတ်မှတ်ရန် | C,R | C | H | AT,ET,F |
| | | ၇. ၁. ၃ | နိုင်ငံအဆင့်၊ ဒေသအဆင့်၊ကမ္ဘာအဆင့်ထူးခြားအရေးပါသောသစ်ဆွေးမြေဒေသများကို၊ထိန်းသိမ်းသို့မဟုတ်ကာကွယ်ထားသောဒေသများအဖြစ်ဥပဒေအရ သတ်မှတ်ကြေငြာရန် | C,R | C | H | AT,F |
| | | ၇. ၁. ၄ | သစ်ဆွေးမြေကာကွယ်ထိန်းသိမ်းရေးဒေသများစီမံအုပ်ချုပ်မှုအတွက်ဌာနအဖွဲ့အစည်းအဆောက်အအုံအပါအဝင်ကဏ္ဍာအားလုံးအားဖြည့်ပေးရန် | C | C | H | AT,ET,F |
| | | ၇. ၁. ၅ | သစ်ဆွေးမြေ ကာကွယ်ထိန်းသိမ်းရေးဒေသအတွင်းရှိ၊ ဒေသခံပြည်သူများအတွက် သစ်ဆွေးမြေဒေသ သယံဇာတများကိုရေရှည်သုံးစွဲနိုင်မှုဖွံ့ဖြိုးတိုးတက်စေရန် | C | C | H | AT |
| | ၈. ၁းသစ်ဆွေးမြေဒေသစီမံအုပ်ချုပ်ရေးတွင် ဌာနအဖွဲ့အစည်းမျိုးစုံပါဝင်ဆောင်ရွက်လာရေး တိုးမြှင့်ပေးရန် | ၈. ၁. ၁ | သစ်ဆွေးမြေဒေသကာကွယ်ထိန်းသိမ်းရေးနှင့် ရေရှည်အသုံးချရေးဆိုင်ရာ မဟာဗျူဟာရေးဆွဲရေးအတွက် ဌာနအဖွဲ့အစည်းစုံလင်စွာပါဝင်သော အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပေးရန် | C | S | H | Not applicable |

ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
(၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

နောက်ဆက်တွဲ - ၁

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြု လုပ်ငန်း အဆင့် **C,R** | အချိန် ကာလ **S/M L/C** | ဦးစား ပေး အဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ **AT/ET/F**) |
|---|---|---|---|---|---|---|---|
| ၈။ သစ်ဆွေးမြေဒေသ ဘက်စုံဖွံ့ဖြိုးရေး | | ၈. ၁. ၂ | သစ်တောလုပ်ငန်း၊ လယ်ယာလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူများ အပါအဝင်သစ်ဆွေးမြေဒေသအသုံးချသူများအားလုံးအတွက်ရေရှည်စီမံအုပ်ချုပ်လုပ်ကိုင်နည်းစနစ်များကို ပိုမိုအားပေးရန် | C | C | H | AT,F |
| | ၈. ၂။ ချိုင့်ဝှမ်းတစ်ပိုင်းတစ်စဆောင်ရွက်ခြင်းကို ရှောင်ရှား၍ ချိုင့်ဝှမ်းတစ်ခုလုံး ကျယ်ပြန့်စွာပါဝင်ဆောင်ရွက်သည့်နည်းလမ်းကိုအသုံးပြု၍ ဘက်စုံရေအရင်းအမြစ်နှင့် သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုစနစ် ကို တိုးချဲ့ကျင့်သုံးရန် | ၈. ၂. ၁ | သဘာဝအလျောက် ရေစီဆင်းမှုစနစ်၏ အခြေခံအရေးပါမှုကို အကောင်းဆုံးသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုအတွက် အခြေခံစနစ်အဖြစ်လက်ခံကျင့်သုံးရန် | C | S | H | AT,ET,F |
| | | ၈. ၂. ၂ | ဖောက်နက်သောသစ်ဆွေးမြေ၊ သစ်ဆွေးကုန်းမြင့်မြေ၊ နှောက်ယှက်မှုကင်းသောသစ်ဆွေးမြေဒေသနှင့်ပြဌာန်းသတ်မှတ်ခြင်းမပြုရသေးသောထိန်းသိမ်းရန်လိုအပ်သည့် အခြားသစ်ဆွေးမြေဒေသများတွင် ပြောင်းလဲအသုံးချခြင်း (လယ်ယာလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ သစ်တောလုပ်ငန်း၊ မြို့ပြကျေးရွာထူထောင်ခြင်း၊ သတ္တုတူးဖော်ခြင်း၊ အခြေခံအဆောက်အဦးတည်ဆောက်ခြင်းနှင့် အခြားအသုံးချခြင်း)နှင့် ရေနုတ်မြောင်းတူးဖော်ခြင်းများကို တားမြစ်ထိန်းချုပ်ရန် | C | C | H | Not applicable |
| | | ၈. ၂. ၃ | ဖောက်နက်သောသစ်ဆွေးမြေ၊ သစ်ဆွေးကုန်းမြင့်မြေ၊ နှောက်ယှက်မှုကင်းသော သစ်ဆွေးမြေဒေသများတွင် မြေနေရာရှင်းလင်းခြင်း၊ ရေနုတ်မြောင်းဖောက်လုပ်ခြင်းများကို တားဆီးရန် နည်းလမ်းများအား အထောက်အကူပြုမည့် လမ်းညွှန်ချက်များဖော်ထုတ်ရန် | C,R | S | H | AT,ET,F |

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် C,R | အချိန်ကာလ S/M L/C | ဦးစားပေးအဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| | | ၈.၂.၄ | အသုံးမပြုတော့သည့် သို့မဟုတ် တရားမဝင်ဖောက်လုပ်ထားသည့်တူးမြောင်းများ ပိတ်ဆို့ခြင်းအပါအဝင်၊ သစ်ဆွေးကုန်းမြင့်မြေနှင့် အနီးပတ်ဝန်းကျင်ဒေသများအတွင်း သင့်လျော်သော ရေအရင်းအမြစ်စီမံအုပ်ချုပ်မှုစနစ်တစ်ရပ် ဖော်ထုတ်ရန် | C,R | C | H | AT,ET,F |
| | ၈.၃။ သစ်တောနှင့် သစ်ဆွေးမြေဒေသ ဘက်စုံပူးတွဲစီမံအုပ်ချုပ်သည့်စနစ်ကို မြှင့်တင်ဆောင်ရွက်ရန် | ၈.၃.၁ | ကာကွယ်ထားပြီးသော သစ်ဆွေးမြေရှိ နွံတောများကိုရေရှည်သတ်မှတ်ထားပြီး ကာကွယ်ထိန်းသိမ်းရေး တည်မြဲစေရန်နှင့် ကျန်ရှိသည့်နောက်ယှက်မှုကင်းသော သစ်ဆွေးမြေဒေသများကိုလည်း ကာကွယ်ပေးရေးလျင်မြန်စွာ စီမံဆောင်ရွက်ပေးရန် | C,R | C | H | Not applicable |
| | | ၈.၃.၂ | သစ်တောစီမံအုပ်ချုပ်မှုစီမံကိန်းများနှင့် ထုတ်လုပ်ရေးသစ်တောကြိုးဝိုင်းများအတွက် လမ်းညွှန်းချက်များ ရေးဆွဲဖော်ထုတ်ရန် | C | C | H | AT,F |
| | | ၈.၃.၃ | ထိခိုက်မှုနည်းသည့် ထုတ်လုပ်ရေးစနစ်၊ ရေနုတ်မြောင်းလုံးဝမလုပ်သည့် ထုတ်လုပ်ရေးစနစ်စသည့်များ အပါအဝင်၊ ရေရှည်သစ်တောစီမံအုပ်ချုပ်ရေး လက်တွေ့လုပ်ငန်းများကို ဖော်ထုတ်အားပေးရန် | C | C | H | AT,F |
| | | ၈.၃.၄ | သစ်တောထွက်ပစ္စည်းထုတ်လုပ်ပြီး ပြန်လည်ပြုစုထူထောင်ရေးအတွက် လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ရန် | C | C | H | AT,F |

နောက်ဆက်တွဲ - ၁

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် **C,R** | အချိန်ကာလ **S/M L/C** | ဦးစားပေးအဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ **AT/ET/F**) |
|---|---|---|---|---|---|---|---|
| | | ၈. ၃. ၅ | ဘက်စုံစီမံအုပ်ချုပ်မှုစနစ်မှတစ်ဆင့် သစ်ဆွေးမြေသစ်တော ကာကွယ်တောများ ဖွဲ့စည်းတည်ထောင်ရန်နှင့် စီမံအုပ်ချုပ်ရန် | C | C | H | AT,F |
| | | ၈. ၃. ၆ | တရားမဝင်ထုတ်လုပ်မှုများနှင့် ဆက်စပ်ရောင်းဝယ်မှုလုပ်ငန်းများကို ကြီးကြပ်ထိန်းချုပ်ရန် | C,R | C | H | AT,ET,F |
| | | ၈. ၃. ၇ | သဘာဝသစ်မြေဆွေးဒေသတွင် အစိတ်အပိုင်းများ ကွဲပြားမသွားစေရန် အခြားမြေအသုံးချမှုများကို ဆင်ခြင်ချင့်ချိန်၍ ခွင့်ပြုလုပ်ဆောင်ရန် | C | C | H | Not applicable |
| | | ၈. ၃. ၈ | သစ်ဆွေးမြေဒေသ ဇီဝမျိုးစုံမျိုးကွဲနှင့် လူမှုစီးပွားရေး၊ ယဉ်ကျေးမှု၊ ဂေဟဗေဒ အသုံးချမှုများစသည့်သတင်းအချက်အလက်များ ပြုစုမှတ်တမ်းတင်ထားရန် | C,R | C | H | AT,F |
| | ၈. ၄။ သစ်ဆွေးမြေဒေသအတွင်း လယ်ယာစိုက်ပျိုးရေးကိုလည်း ဘက်စုံပုံစံအသွင်ဖြင့် ထည့်သွင်းစီမံအုပ်ချုပ်ရန် | ၈. ၄. ၁ | အနာဂါတ်လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးမှုလုပ်ငန်းများကို ပျက်စီးယိုယွင်းနေပြီး အနက်တိမ်သောသစ်ဆွေးမြေများတွင်သာ ကန့်သတ်သတ်မှတ်လုပ်ဆောင်ရန် | C | C | H | AT,F |

ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
(၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြု လုပ်ငန်း အဆင့် C,R | အချိန် ကာလ S/M L/C | ဦးစား ပေး အဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| | | ၈. ၄. ၂ | လက်ရှိသစ်ဆွေးမြေဒေသလယ်ယာမြေဧရိယာများတွင် ထိခိုက်မှုနည်းသည့် မြေနေရာရှင်းလင်းခြင်းနှင့် လယ်ယာစိုက်ပျိုးရေးနည်းများ ကျင့်သုံးခြင်း၊ ရေနုတ်မြောင်းများအလွန်အကျွံတူးဖော်ခြင်းနှင့်သစ်ဆွေးမြေများနိမ့်ဆင်းကျွံကျသွားစေခြင်းကို တားဆီးမည့် နည်းစနစ်များ ကျင့်သုံးခြင်းတို့နှင့်ပတ်သက်၍ ဒေသခံများ၏အတွေ့အကြုံဗဟုသုတများနှင့် လုပ်ကိုင်နည်းစနစ်များကို ဖော်ထုတ်မှတ်တမ်းတင်ရန် | C,R | C | H | AT,ET,F |
| | | ၈. ၄. ၃ | သစ်ဆွေးမြေဒေသများတွင် နေထိုင်ကြသော ဒေသခံပြည်သူများအတွက် ဆီလျော်ပြီး လုပ်ကိုင်နိုင်သောမြေရှင်းလင်းခြင်းအကောင်းဆုံးနည်းစနစ်များကိုဖော်ထုတ်ပေးရန် | C | C | H | AT,ET,F |
| | | ၈. ၄. ၄ | မြူခိုးကင်းသော လယ်ယာစိုက်ပျိုးရေးစနစ်ကို သမရိုးကျနှင့် မက်လုံးပေးလုပ်ဆောင်နည်းအမျိုးမျိုးဖြင့် အားပေးလုပ်ဆောင်ရန် | C,R | C | H | AT,ET,F |
| | | ၈. ၅. ၁ | အသိစိတ်နိုးကြားရေးနှင့် ပညာပေးအစီအစဉ်များမှတစ်ဆင့် ဒေသခံပြည်သူတို့၏ သစ်ဆွေးမြေဆိုင်ရာ ဗဟုသုတများကို မြှင့်တင်ရန် | C,R | C | H | AT,F |

ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်

(၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

နောက်ဆက်တွဲ - ၁

| | လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | အဆိုပြု လုပ်ငန်း အဆင့် **C,R** | အချိန် ကာလ **S/M L/C** | ဦးစား ပေး အဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ **AT/ET/F**) |
|---|---|---|---|---|---|---|---|
| | ၈. ၅။ ဒေသခံပြည်သူ အသက်မွေးဝမ်းကြောင်းမှုနှင့်သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှု - ပေါင်းစပ်ဆောင်ရွက်ခြင်းတိုးမြှင့်ပေးရန် | ၈. ၅. ၂ | ရိုးရာအလေ့အထများနှင့် ထုံးတမ်းစဉ်လာဥပဒေ(Customary laws) များမှတစ်ဆင့်သစ်ဆွေးမြေများအား ရေရှည်တည်တံ့အသုံးပြုခြင်းနှင့် ကာကွယ်ခြင်းများကို ပံ့ပိုးကူညီရန် | C | C | H | AT,F |
| | | ၈. ၅. ၃ | သစ်ဆွေးမြေဒေသများမှ ဒေသခံပြည်သူတို့ ကိုယ်တိုင်ပြုလုပ်သော ရိုးရာထွက်ကုန်များကို ဈေးကွက်ရရှိနိုင်အောင် မြှင့်တင်ပေးရန်နှင့် ထောက်ပံ့ပေးရန် | C,R | C | H | AT,ET,F |
| | | ၈. ၅. ၄ | ဒေသခံပြည်သူများ၏အသက်မွေးဝမ်းကြောင်းနှင့်သဘာဝပတ်ဝန်းကျင်လုံခြုံမှုကို အထောက်အကူဖြစ်စေရန်အတွက်သစ်ဆွေးမြေဒေသအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ သုံးစွဲခြင်းနှင့် ကာကွယ်ခြင်းတို့တွင် ၎င်းတို့အားလုံး လုပ်ပိုင်ခွင့်ပေးရန်နှင့် ကူညီပံ့ပိုးပေးရန် | C | C | H | AT,F |
| | | ၈. ၅. ၅ | သစ်ဆွေးမြေဒေသများအပေါ် မှီခိုအားထားမှု သို့မဟုတ်ဆိုးကျိုးသက်ရောက်မှုများကို လျော့ချနိုင်မည့်အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖော်ထုတ်မိတ်ဆက်ပေးရန်နှင့် တိုးချဲ့ဆောင်ရွက်ရန် | C,R | C | H | AT,ET,F |
| | | ၈. ၅. ၆ | သစ်ဆွေးမြေဒေသများ၏ပူးပေါင်းပါဝင်စီမံအုပ်ချုပ်စနစ်တွင် အကျိုးခံစားခွင့်ရှိသူ အခြေခံလူတန်းစားများ (grassroots stakenholders) ပါဝင်ဆောင်ရွက်စေရန် | C | C | H | AT,F |

နောက်ဆက်တွဲ - ၁

ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
(၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် C,R | အချိန်ကာလ S/M L/C | ဦးစားပေးအဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| ၉. သစ်ဆွေးမြေဒေသ သရုပ်ပြစံပြနေရာ တိုးမြှင့်ဆောင်ရွက်ခြင်း | ၉. ၁း အကောင်းဆုံးစီမံအုပ်ချုပ်မှုလက်တွေ့ လုပ်ငန်းများကိုတိုးမြှင့်ဆောင်ရွက်သွားရန် | ၉. ၁. ၁ | အကောင်းဆုံးစီမံအုပ်ချုပ်မှုဆိုင်ရာ လက်တွေ့အသုံးချမှုအတွက်သရုပ်ပြစံကွက်များဖော်ထုတ်ရန်နှင့် မြှင့်တင်ဆောင်ရွက်ရန်၊ ဥပမာ-သဘာဝ အခြေခံခရီးသွားလုပ်ငန်းအတွက်၊ အသက်မွေးဝမ်းကြောင်းရွေးချယ်မှုများ ပြန်လည်ထူထောင်ရေး | C,R | C | H | AT,ET,F |
| | | ၉. ၁. ၂ | နိုင်ငံတစ်နိုင်ငံချင်း မိမိတို့လိုအပ်ချက်နှင့်အညီ သစ်ဆွေးမြေဒေသများတွင် ရေရှည်တည်တံ့သောစီမံအုပ်ချုပ်မှုနှင့် မီးကာကွယ်ခြင်းနည်းသစ်များကို စမ်းသပ်ရန်အတွက် ရှေ့ပြေးစီမံကိန်း(pilotprojects) များ တည်ထောင်ရန် | C,R | C | H | AT,ET,F |
| | | ၉. ၁. ၃ | သုတေသနနှင့် ဖွံ့ဖြိုးရေးမှတစ်ဆင့် သစ်ဆွေးမြေဒေသများအတွက် အကောင်းဆုံး စီမံအုပ်ချုပ်မှုဆိုင်ရာ အလေ့အကျင့်များ အသုံးချခြင်းကို မြှင့်တင်ဆောင်ရွက်ရန် | C,R | C | H | AT,ET,F |
| | | ၉. ၁. ၄ | သစ်ဆွေးမြေဒေသ သစ်ပင်စိုက်ပျိုးရေး(silviculture)သို့မဟုတ် ပြန်လည်ထူထောင်ရေး၊ ရေးအရင်းအမြစ် စီမံခန့်ခွဲမှုစသည့် အဓိကစိုးရိမ်ပူပန်နေရ သောပြဿနာများကို ကိုင်တွယ်ဖြေရှင်းပေးရန် နိုင်ငံစုံနည်းစနစ်ဆိုင်ရာ ပညာရှင်လုပ်ငန်းအဖွဲ့(technical working groups) ကို ထူထောင်ရန် | C,R | C | H | AT,ET,F |

ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ် နောက်ဆက်တွဲ - ၁

(၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် C,R | အချိန်ကာလ S/M L/C | ဦးစားပေးအဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| ၁၀။ ပြန်လည်ပြုပြင်ခြင်းနှင့် ပြန်လည်ထူထောင်ခြင်း | ၁၀. ၁။ ယိုယွင်းပျက်စီးနေသောသစ်ဆွေးမြေဒေသများ ပြန်လည်ပြုပြင်ခြင်းနှင့်ပြန်လည်ထူထောင်ရေးအတွက်သင့်လျော်သောနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန် | ၁၀. ၁. ၁ | သုတေသနနှင့်ဖွံ့ဖြိုးရေး(R&D)တွေ့ရှိချက်များ၊ ဒေသတွင်းအတွေ့အကြုံများနှင့် ဒေသခံဗဟုသုတများကို အခြေခံပြီးသစ်ဆွေးမြေပြန်လည်ထိန်းသိမ်းရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ကျယ်ပြန့်ကောင်းမွန်သောအခြေခံလက်စွဲများနှင့် လမ်းညွှန်ချက်များ ပြုစုရန်နှင့်မြှင့်တင်ရန် | C,R | C | H | N/A |
| | | ၁၀. ၁. ၂ | နည်းစနစ်များစမ်းသပ်ရန် ရှေ့ပြေးစီမံကိန်း ( pilot projects) များထူထောင်ရန် | C,R | C | H | AT,ET,F |
| | | ၁၀. ၁. ၃ | သစ်ဆွေးမြေဒေသပြန်လည်ထိန်းသိမ်းရေး၊ ပြန်လည်ထူထောင်ရေးနှင့်သက်ဆိုင်သည့် သီးသန့်သင်တန်းအစီအစဉ်မျာ စီစဉ်ဆောင်ရွက်ရန် | C,R | C | H | AT,ET,F |
| | | ၁၀. ၁. ၄ | သုတေသနနှင့် ဖွံ့ဖြိုးရေး (R&D)မှတွေ့ရှိချက်များနှင့် ဒေသခံဟဗဟုသုတများမှ အတွေ့အကြုံများကို အခြေခံပြီးလမ်းညွှန်းချက်များ ပြန်လည်စီစစ်ရန်နှင့် ခေတ်နှင့်အညီပြင်ဆင်ရန် | C,R | C | H | AT,ET,F |
| | ၁၀. ၂။ မီးလောင်ကျွမ်း/မြောင်းပေါက်ထား၍ ယိုယွင်းနေသော သစ်ဆွေးမြေဒေသများကိုပြန်လည်ထူထောင်ပေးရန် | ၁၀. ၂. ၁ | ဒေသခံဗဟုသုတများ၊ ဒေသတွင်းအတွေ့အကြုံများ၊ သုတေသနနှင့် ဖွံ့ဖြိုး ရေး (R&D)တွေ့ရှိချက်များနှင့်သင့်လျော်သောနည်းပညာများအပေါ်အခြေခံပြီးပြန်လည်ထူထောင်ရေးနည်းလမ်းတစ်မျိုးချင်းအလိုက်ယိုယွင်းနေသောသစ်ဆွေးမြေဒေသများကို သီးခြားအမျိုးအစား ခွဲခြားသတ်မှတ်ရန် | C,R | C | H | AT,ET,F |

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် C,R | အချိန်ကာလ S/M L/C | ဦးစားပေးအဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| | | ၁၀. ၂. ၂ | သစ်ဆွေးမြေဒေသ ပြန်လည်ထိန်းသိမ်းရေးနှင့်ပြန်လည်ထူထောင်ရေး လုပ်ငန်းများ အစပြုဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် အစီအစဉ်များကို ရေးဆွဲရန် | C,R | C | H | AT,ET,F |
| | | ၁၀. ၂. ၃ | သစ်ဆွေးမြေဒေသ ပြန်လည်ထူထောင်ရေးအစီအစဉ်များအကောင်အထည်ဖော်ဆောင်ရွက်ရန် | C,R | C | H | AT,ET,F |
| ၁၁. သစ်ဆွေးမြေဒေသနှင့်ရာသီဥတုပြောင်းလဲမှု | ၁၁. ၁း ကာဗွန်စုပ်ယူခြင်းနှင့်သိုလှောင်ခြင်း ပြုလုပ်သည့် သစ်ဆွေးမြေဒေသ၏ စွမ်းဆောင်ချက်ကိုတိုးတက်စေရန်နှင့် အကာအကွယ်ပေးရန် | ၁၁. ၁. ၁ | အာဆီယံနိုင်ငံများအတွင်း သစ်ဆွေးမြေဒေသများ၏ မြေပေါ်မြေအောက် ကာဗွန်တည်ရှိမှုပမာဏနှင့် ရာသီဥတုပြောင်းလဲမှုကိုလျော့ကျစေသော ၄င်း၏ အရေးပါမှုကို တိုင်းတာသတ်မှတ်ရန် | C | M | H | AT,ET,F |
| | | ၁၁. ၁. ၂ | ကျိုတို သဘောတူညီချက်(Kyoto ptotocol) ၏ သန့်ရှင်းသောဖွံ့ဖြိုးမှုစနစ် (Clean Development Mechanisms-CDM)မှ တစ်ဆင့် ပြန်လည်ထိန်းသိမ်းရေးအတွက် ဖြစ်နိုင်ချေကိုစူးစမ်းလေ့လာရန်နှင့် ယိုယွင်းနေသော သစ်ဆွေးမြေဒေသများကိုသတ်မှတ်ဖော်ထုတ်ရန် | C | L | H | AT,ET,F |
| | | ၁၁. ၁. ၃ | အခြားရာသီဥတုပြောင်းလဲခြင်းနှင့် သက်ဆိုင်သောရန်ပုံငွေစနစ်မှ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုနှင့် ပြန်လည်ထိန်းသိမ်းခြင်းအတွက်ပံ့ပိုးကူညီမှုများကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ရန် | C,R | L | H | AT,ET,F |

ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
(၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

နောက်ဆက်တွဲ - ၁

| | လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | အဆိုပြုလုပ်ငန်းအဆင့် **C,R** | အချိန်ကာလ **S/M L/C** | ဦးစားပေးအဆင့် | (အာစီယံပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ **AT/ET/F**) |
|---|---|---|---|---|---|---|---|
| | | ၁၀. ၁. ၄ | စွမ်းအင်အရင်းအမြစ်အဖြစ် သစ်ဆွေးမြေကို အသုံးပြုခြင်း၏ဆိုးကျိုးသက်ရောက်မှုအလားအလာများကို အကဲဖြတ် စိစစ်ရန် | C,R | M | M | AT,ET,F |
| | ၁၀. ၂။ ကမ္ဘာလုံးဆိုင်ရာဥတုပြောင်းလဲမှုနှင့်အညီ သစ်ဆွေးမြေဒေသအတွင်း လိုက်လျောညီထွေလုပ်ဆောင်ချက်များကို အထောက်အကူပေးရန် | ၁၀. ၂. ၁ | အာဆီယံနိုင်ငံများအတွင်း သစ်ဆွေးမြေဒေသများ ဂေဟစနစ်အပေါ် ဖြစ်လာမည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအကျိုးသက်ရောက်မှုများကို အကဲဖြတ်စိစစ်ရန် | C,R | C | H | AT,ET,F |
| | | ၁၀. ၂. ၂ | ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုပြောင်းလဲမှုကြောင့် သစ်ဆွေးမြေဒေသထိခိုက်နစ်နာဆုံးရှုံးခြင်းများ လျော့နည်းစေရန် ကျင့်သုံးနိုင်မည့် စီမံအုပ်ချုပ်မှုမဟာဗျူဟာများ သတ်မှတ်ရန် | C,R | C | M | AT,ET,F |
| | | ၁၀. ၂. ၃ | အမျိုးသားအဆင့် သို့မဟုတ် ဒေသတွင်းအဆင့် ရာသီဥတုပြောင်းလဲခြင်းအပေါ် လိုက်လျောညီထွေမှုရှိသော စီမံချက်များအတွင်း သစ်ဆွေးမြေဒေသပြဿနာကိစ္စရပ်များကို ပေါင်းစပ်ဆောင်ရွက်ရန် | C,R | C | H | AT,ET,F |
| | | ၁၀. ၂. ၄ | UNFCCC နှင့်ချိတ်ဆက်ထားသည့် လိုက်လျောညီထွေမှုလုပ်ငန်းစဉ်များအတွက် ရန်ပုံငွေများမှသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုအတွက်ထောက်ပံ့မှုများ ရှာဖွေရန် | C,R | L | H | AT,ET,F |

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် C,R | အချိန်ကာလ S/M L/C | ဦးစားပေးအဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| ၁၂။ ဒေသအတွင်း ပူးပေါင်းဆောင်ရွက်မှု | ၁၂. ၁။ သစ်ဆွေးမြေဒေသကဏ္ဍများတွင် ကျွမ်းကျင်မှုနည်းပညာ ဖလှယ်ခြင်း မြှင့်တင်ဆောင်ရွက်ရန် | ၁၂. ၁. ၁ | ဒေသအဆင့်ပူးပေါင်း ဆောင်ရွက်သော သုတေသနစီမံကိန်းများနှင့် အာဆီယံနိုင်ငံများမှ ကျွမ်းကျင်ပညာရှင်များပါဝင်သောအခြားဆောင်ရွက်ချက်လုပ်ငန်းများကို ပြုစုဖော်ထုတ်ရန် | R | C | H | AT,ET,F |
| | | ၁၂. ၁. ၂ | အာဆီယံဒေသအတွင်း သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုဆိုင်ရာကျွမ်းကျင်ပညာရှင်များ အားလုံးပါဝင်နိုင်သော အရှေ့တောင်အာရှ သစ်ဆွေးမြေကွန်ယက်ကို တိုးချဲ့ဖွဲ့စည်းရန် | R | C | H | AT,F |
| | | ၁၂. ၁. ၃ | လုပ်ငန်းပူးပေါင်းဆောင်ရွက်ခြင်းနှင့် အတွေ့အကြုံဖလှယ်ခြင်းတို့တိုးချဲ့ဆောင်ရွက်နိုင်ရန် ဒေသအဆင့် အလုပ်ရုံဆွေးနွေးပွဲများ စီစဉ်ကျင်းပရန် | R | C | M | AT,F |
| | ၁၂. ၂။ ဒေသအတွင်း သစ်ဆွေးမြေဒေသတိုင်းတာသတ်မှတ်ရေးနှင့်စီမံအုပ်ချုပ်ရေးအတွက်'အကောင်းဆုံးဌာနများ'ဖွဲ့စည်းတည်ထောင်ရန် | ၁၂. ၂. ၁ | သစ်ဆွေးမြေဒေသများ၏ စီမံအုပ်ချုပ်မှုများနှင့် ဆက်စပ်သည့်သီးခြားကဏ္ဍအလိုက် သင့်လျော်သောအကောင်းဆုံးဗဟိုဌာနများကို ဒေသအတွင်းသတ်မှတ်ပေးရန် | C,R | S | H | AT,ET,F |
| | | ၁၂. ၂. ၂ | ရွေးချယ်ထားသော ဗဟိုဌာနများ၏ရွေးချယ်ထားသောလုပ်ငန်းဆောင်ရွက်ချက်များအတွက် တိုးချဲ့လုပ်ကိုင်မှုများကို အထောက်အပံ့ပေးရန် | R | L | M | AT,ET,F |
| | | ၁၂. ၂. ၃ | ဗဟိုဌာနများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့်အချိတ်အဆက်ပြုလုပ်ခြင်းများ တိုးမြှင့်ဆောင်ရွက်ရန် | R | C | M | AT,ET,F |

နောက်ဆက်တွဲ - ၁

ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
(၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြုလုပ်ငန်းအဆင့် C,R | အချိန်ကာလ S/M L/C | ဦးစားပေးအဆင့် | (အာစီယံပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| | ၁၂. ၃း အခြားဆက်နွယ်သည့် သဘောတူညီချက်များနှင့် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးယန္တရားများအကောင်အထည်ဖော်ရေးတွင်အထောက်အကူပြုရန် | ၁၂. ၃. ၁ | သဘာဝထိန်းသိမ်းရေးနှင့် ဇီဝမျိုးစုံမျိုးကွဲ၊ ဘက်စုံသဘာဝပတ်ဝန်းကျင်ဆိုင်ရာသဘောတူညီချက်များ၊ ရေအရင်းအမြစ်စီမံခန့်ခွဲမှု၊ လယ်ယာ၊ သစ်တောနှင့် ပညာရေးစသည့်တို့နှင့်ဆက်စပ်သော အာဆီယံမူဘောင်လုပ်ငန်းဆောင်တာ( frameworks )အတွင်းသို့ သစ်ဆွေးမြေဒေသ ပြဿနာကိစ္စရပ်များကို ပေါင်းစပ်ဖြည့်သွင်းဆောင်ရွက်ရန် | R | M | M | AT,F |
| | | ၁၂. ၃. ၂ | အာဆီယံနယ်စပ်ဖြတ်ကျော်(Transboundary)မြူခိုးညစ်ညမ်းခြင်းဆိုင်ရာသဘောတူညီချက် အကောင်အထည်ဖော်ဆောင်ရွက်မှုကိုလည်း ဒေသဆိုင်ရာမဟာဗျူဟာက အထောက်အကူဖြစ်စေရန် | R | C | H | Not applicable |
| | | ၁၂. ၃. ၃ | သစ်ဆွေးမြေဒေသကိစ္စရပ်များဆောင်ရွက်မှုသွင်းအားစုများသည်သက်ဆိုင်ရာကမ္ဘာလုံးဆိုင်ရာ ညီလာခံ(Ramsar ညီလာခံ၊ ဇီဝမျိုးစုံမျိုးကွဲ ညီ လာခံ၊ ကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ညီလာခံ၊ UN Framework ရာသီဥတုပြောင်းလဲမှုညီလာခံအပါအဝင်)အတွက် စဉ်းစားဝေဖန်ရာတွင် အထောက်အကူ ဖြစ်စေရန် | R | C | H | AT,ET,F |
| | | ၁၂. ၄. ၁ | APMI နှင့် ပက်သက်သည့်လုပ်ငန်းများမှတစ်ဆင့် အကျိုးခံစားခွင့်ရှိသူများ ( stakeholders )များအကြား မိတ်ဖက်လုပ်ငန်းများ တိုးချဲ့ရန် | R | C | H | AT,ET,F |

နောက်ဆက်တွဲ - ၁

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြု လုပ်ငန်း အဆင့် **C,R** | အချိန် ကာလ **S/M L/C** | ဦးစား ပေး အဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ **AT/ET/F**) |
|---|---|---|---|---|---|---|---|
| | ၁၂. ၄း သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုတွင် ပံ့ပိုးကူညီရန်၊ အကျိုးခံစားခွင့်ရှိသူအများအပြားပါဝင်သော တွဲဖက်အဖွဲ့အစည်းများကို အားပေးရန် | ၁၂. ၄. ၂ | အပြစ်ကင်းစင်ကောင်းမွန်သော သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန်အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့်ပုဂ္ဂလိကအခန်းကဏ္ဍများ အပါအဝင် အဓိကအကျိုးခံစားရသူ(key stakeholders )များ အကြားဒေသခံအဆင့်နှင့်နိုင်ငံတော်အဆင့်တွင်မိတ်ဖက်လုပ်ငန်းများအား ပေးရန်သို့မဟုတ် တဖြည်းဖြည်းတိုးချဲ့ တည်ဆောက်ရန် | C | C | H | AT,F |
| ၁၃. မဟာဗျူဟာ အကောင်အထည်ဖော်ရေးအတွက် ရန်ပုံငွေ | ၁၃. ၁း မဟာဗျူဟာ၏ ပန်းတိုင်ရောက်ရှိရန် ဆောင်ရွက်ရမည့်အစီအစဉ်များနှင့် လုပ်ငန်း များအတွက် လိုအပ်မည့်ရန်ပုံငွေများပံ့ပိုးပေး နိုင်သောအရင်းအမြစ်များဖော်ထုတ်ရန် | ၁၃. ၁. ၁ | အရှုံးအမြတ်စီစစ်ချက်အပါအဝင် APMS အကောင်အထည်ဖော်မှုအတွက် ဘဏ္ဍာငွေကြေးဆိုင်ရာ မဟာဗျူဟာကို ပြုစုရန် | C,R | S | H | AT,ET,F |
| | | ၁၃. ၁. ၂ | မဟာဗျူဟာအကောင်အထည်ဖော်မှုအား အထောက်အကူပေးနိုင်စေရန်အတွက် ညစ်ညမ်းစေသူ ငွေပေးဆောင်မှု၊ အသုံးပြုသူငွေပေးဆောင်မှုအစီအစဉ်များ၊ အခွန်မက်လုံးများသို့မဟုတ်ရေရှည်ငွေကြေးအရင်းအမြစ်ရရှိစေမည့် အခြားနည်းလမ်းများကို ရှာဖွေစူးစမ်းနိုင်ရန်ဖြစ်နိုင်ချေလေ့လာမှုများကို ဆောင်ရွက်ရန် | C,R | S | H | AT,ET,F |
| | | ၁၃. ၁. ၃ | မဟာဗျူဟာအကောင်အထည်ဖော်မှုအား အထောက်အကူပေးနိုင်ရန်အတွက် ရန်ပုံငွေထောက်ပံ့မှုစနစ်များမြှင့်တင်ရန်သို့မဟုတ်တည်ထောင်ရန် | C,R | S | H | AT,F |

နောက်ဆက်တွဲ - ၁

## ဇယား-၂၈ အာဆီယံ သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ၏ လုပ်ငန်းအစီအစဉ်
## (၂၀၀၅ ခုနှစ် နိုဝင်ဘာလ (၁၀)ရက်)

| လုပ်ငန်းရည်ရွယ်ချက်များ | | လုပ်ငန်းဆောင်ရွက်မှု | | အဆိုပြု လုပ်ငန်း အဆင့် C,R | အချိန် ကာလ S/M L/C | ဦးစား ပေး အဆင့် | (အာစီယံ၊ပြင်ပ/ နည်းပညာ/ ရန်ပုံငွေ/ AT/ET/F) |
|---|---|---|---|---|---|---|---|
| | | ၁၃. ၁. ၄ | မဟာဗျူဟာအကောင်အထည်ဖော်မှုအားအထောက်အကူပေးနိုင်ရန်အတွက်အမျိုးသားအဆင့်အစိုးရဌာနများ၊ပြင်ပပံ့ပိုးသူများနှင့်ရန်ပုံငွေဖော်ထုတ်ပေးမည့်အခြားသောနည်းလမ်းများမှ ရန်ပုံငွေရရှိရေးအဆိုပြုချက်များနှင့် သီးသန့်ရန်ပုံငွေများ တည်ထောင်ရန် | C,R | C | H | AT,ET,F |
| | | ၁၃. ၁. ၅ | ရန်ပုံငွေ ညှိနှိုင်းပူးပေါင်းခြင်းလှုပ်ရှားမှုများတွင် အလှူရှင်များနှင့်ပံ့ပိုးသူများအကြားအဆင်ပြေချောမွေ့စေရန် ပုံမှန်ဆွေးနွေးပွဲများ စီစဉ်ပေးရန် | C,R | C | H | AT,ET,F |
| | | ၁၃. ၁. ၆ | သစ်ဆွေးမြေဒေသ ကာကွယ်ထိန်းသိမ်းခြင်းနှင့် စီမံအုပ်ချုပ်မှုအတွက် ရန်ပုံငွေများရရှိနိုင်ရေးအတွက် သစ်ဆွေးမြေဒေသ သဘာဝပတ်ဝန်းကျင်ဝန်ဆောင်မှုများအတွက် ပေးချေငွေများနှင့် ပက်သက်သည့် ရန်ပုံငွေစနစ် တည်ထောင်ရန် | C,R | S | H | AT,ET,F |
| | | ၁၃. ၁. ၇ | ရေရှည်တည်တံ့သောစီမံအုပ်ချုပ်မှုနှင့်ပြန်လည်ထူထောင်ရေးလုပ်ဆောင်ချက် များအား အထောက်အကူပြုနေသည့် ဒေသခံပြည်သူအုပ်စုသို့မဟုတ်ဒေသခံအစိုးရများအားသယံဇာတအရင်းအမြစ်ခွဲဝေသုံးစွဲစေမည့်သင့်လျော်သောစနစ် တစ်ခု တည်ထောင်ရန်။ (ဥပမာ အသေးစားငွေစုငွေချေး လုပ်ငန်း) | C | S | H | AT,ET,F |

## ၃။ အကောင်အထည်ဖော်ဆောင်မည့်နည်းလမ်း

## ၃-၁။ ဒေသအဆင့်အကောင်အထည်ဖော်မည့်နည်းလမ်း

မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရေးယန္တရားကို AMPI လုပ်ငန်းစဉ်အောက် လက်ရှိအစီအစဉ်လမ်းကြောင်းပေါ် မူတည်ဆောင်ရွက်မည်ဖြစ်ပါသည်။ စီမံခန့်ခွဲမှုအတွက် အဓိကနည်းလမ်းမှာ ASOEN-HTTF ဟုခေါ်ဆိုသော ကျေးလက် လယ်ယာ၊ တောမီးလောင်ကျွမ်းမှုနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ၊ အာဆီယံယန္တရားနှင့် ဆက်နွယ်လုပ်ဆောင်ရန်ဖြစ်သည်။ AMMH နှင့် ASOEN-HTTF တို့သည်လည်း၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံသဘောတူညီချက်များအရ ဆောင်ရွက်ဆဲ ယန္တရားများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြားအဖွဲ့အစည်းများ၌ ပါဝင်ကောင်း ပါဝင်ကြမည်ဖြစ်ပါသည်။ အကောင်အထည် ဖော်ဆောင်မှုလမ်းကြောင်းပုံကြမ်းကို အောက်တွင်ရှင်းလင်းထားပါသည်။




ပုံ ၆။ ဒေသအဆင့်မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရေးအတွက်
APMI ဖွဲ့စည်းပုံ

**အာဆီယံအဆင့်မြင့်အရာရှိကြီးများ၏ သဘာဝပတ်ဝန်းကျင် မီးခိုးမြူငွေ့ဆိုင်ရာ ကျွမ်းကျင်သူလုပ်ငန်းအဖွဲ့ (ASOEN-HTTF)**

ASOEN-HTTF သည်၊ မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရေးနှင့် အမျိုးသားအဆင့် လုပ်ငန်းများနှင့်ဆက်စပ်သည့်ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် မူဝါဒချမှတ်ခြင်း၊ ကြီးကြပ်ပေးခြင်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။ သစ်ဆွေးမြေဒေသကိစ္စရပ်များ စူးစမ်းစိစစ်ရန်၊ မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရေးတွင် သွင်းအားစုလိုအပ်ချက်များ ပေးရန်နှင့် အခြားနည်းပညာဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရန်၊ စသည်တို့အတွက် ASOEN-HTTF အောက်တွင်၊ သစ်ဆွေးမြေဆိုင်ရာ အထောက်အကူပြုကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပေးရန် မျှော်မှန်းထားပါသည်။ သဘာဝထိန်းသိမ်းရေးနှင့်ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အာဆီယံလုပ်ငန်းအဖွဲ့ (ASEAN Working Group on Nature Conservation and Biodiversity) ကဲ့သို့ အခြားဆီလျော်သော အာဆီယံအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုရှိရန်လည်း ပြုလုပ်ရပါမည်။

**အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့ ASEAN Secretariat**

အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့သည်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း တရားဝင် စနစ်တကျ ညှိနှိုင်းဆောင်ရွက်ရေးတွင်လည်းကောင်း၊ ဒေသဆိုင်ရာ အဓိကလုပ်ငန်းများ၊ အစည်းအဝေးများ၊ အာဆီယံအတွင်းရေးမှူးချုပ်အဖွဲ့မှတဆင့် ညှိနှိုင်းဆောင်ရွက်သည့်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် လည်းကောင်း၊ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ကမ္ဘာ့ပတ်ဝန်းကျင်ရေးရာဗဟိုဌာန (GEC)**

GEC သည် သစ်ဆွေးမြေဒေသဆိုင်ရာ အထူးကျွမ်းကျင်သူပညာရှင်များပါဝင်ပြီး အာဆီယံဒေသအတွင်း အခြေစိုက်သည့် ကောင်းစွာအခြေတည်ပြီးဖြစ်သော အဖွဲ့အစည်းတစ်ခုဖြစ်ကာ၊ အဖွဲ့ဝင်၄၀၀ကျော်ရှိသည့် အရှေ့တောင်အာရှသစ်ဆွေးမြေဒေသ ကွန်ယက်အဖွဲ့၏ ပေါင်းစပ်ညှိနှိုင်းရေးမှူးလည်းဖြစ်ပါသည်။ ၎င်းသည် APMI ၏ တည်ထောင်သူ–မိတ်ဖက်အဖွဲ့အစည်း (Founding

Partner) တစ်ခုဖြစ်ပြီး၊ APMI စတင်လှုပ်ရှားသည့်အချိန်ကတည်းက လုပ်ငန်းလည်ပတ်မှုအထောက်အကူနှင့် နည်းပညာများ ပံ့ပိုးပေးခဲ့ပါသည်။ GEC သည် မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ယင်းသို့ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုစေမည့် အရင်းအမြစ်များ ဖော်ထုတ်ကူညီပေးရေးအတွက် နည်းပညာနှင့်လုပ်ငန်းလည်ပတ်မှု အထောက်အပံ့များ ဆက်လက်ပေးအပ်နိုင်မည်ဟု မျှော်မှန်းပါသည်။

## နည်းပညာကျွမ်းကျင်သူအဖွဲ့ TEG (သို့မဟုတ် နည်းပညာအကြံပေးအဖွဲ့ TAG)

ဦးဆောင်မှုနှင့်လမ်းညွှန်မှုများပေးနိုင်ရန်အတွက်၊ အပူပိုင်းဒေသသစ်ဆွေးမြေဆိုင်ရာ လေးစားခံရသည့် ကမ္ဘာ့ပညာရှင်များပါဝင်သော နည်းပညာ ကျွမ်းကျင်သူအဖွဲ့ (TEG) သို့မဟုတ် နည်းပညာအကြံပေးအဖွဲ့ (TAG) တစ်ဖွဲ့ တည်ထောင်ဖွဲ့စည်းပေးရန် ဖြစ်ပါသည်။ ယင်း၏အဓိကအခန်းကဏ္ဍမှာ ရေရှည်တည်တံ့ခိုင်မြဲစေမည့် သစ်ဆွေးမြေဒေသစီမံအုပ်ချုပ်မှုဆိုင်ရာ နည်းစနစ်များ၊ ခေတ်နှင့်အညီ ဖြစ်စေရန်အတွက် ဦးဆောင်လမ်းပြခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် အကြံဉာဏ်ပေးရန်တို့ ဖြစ်ပါသည်။

## အာဆီယံအဖွဲ့ဝင်နိုင်ငံများ (AMCs)

အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံအသီးသီးတွင် မဟာဗျူဟာလုပ်ငန်းများကို တိုက်ရိုက်အကောင်အထည်ဖော်ရာတွင်လည်းကောင်း၊ ဒေသအဆင့်လုပ်ငန်းရပ်များကို အထောက်အကူပြုစေရာတွင်လည်းကောင်း အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန် ဖြစ်ပါသည်။ AMCs များက အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများကို ယင်းနိုင်ငံအသီးသီး၏ NAPs များက ဦးဆောင်လမ်းပြသွားမည် ဖြစ်ပါသည်။

## မိတ်ဖက်အဖွဲ့အစည်းများ Partners

ဤအကောင်အထည်ဖော်ဆောင်မှုအတွက် မိတ်ဖက်အဖွဲ့အစည်းများတွင် ဒေသအတွင်း ရေရှည်တည်တံ့သော သစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုနှင့်ဆက်နွယ်

သည့်လုပ်ငန်းများ တာဝန်ယူဆောင်ရွက်ကြသည့် အဖွဲ့အစည်းများ သို့မဟုတ် ဆောင်ရွက်ဆဲ လုပ်ငန်းစီမံကိန်းများ ပါဝင်ပါသည်။

ယင်းတို့၏ အထောက်အကူပြုမှုများမှာ

– မဟာဗျူဟာမှ သင့်လျော်သော အစိတ်အပိုင်းများ အကောင်အထည်ဖော်ရာတွင် ကူညီမှုပေးခြင်း
– ယင်းတို့၏လုပ်ငန်းဆောင်ရွက်မှုများမှရရှိသော သင်ခန်းစာများ အတွေ့အကြုံများဖလှယ်ခြင်း
– ယင်းတို့၏ လုပ်ငန်းများတွင် သင့်လျော်သလို၊ အာဆီယံဒေသအတွင်းရှိ နိုင်ငံများနှင့် အဖွဲ့အစည်းများပါဝင်မှုကို ဖိတ်ခေါ်ခြင်း
– လိုအပ်သလို အခြားသောအထောက်အကူများပံ့ပိုးပေးခြင်း

## ထောက်ခံအားပေးသူများ Supporters

ထောက်ခံအားပေးသူများတွင် လှူဒါန်းသူများ၊ သုတေသနနှင့် ပညာရေးဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအခန်းနှင့် သတင်းမီဒီယာများ ပါဝင်ပါသည်။ ယင်းတို့ ကူညီမှုများမှာ

– ရန်ပုံငွေနှင့်နည်းပညာလမ်းညွှန်မှုများပေးခြင်း
– ဦးဆောင်လမ်းပြပြုလုပ်ခြင်းနှင့် အခြားသောပံ့ပိုးကူညီမှုများပေးခြင်း

လုပ်ငန်းစီမံကိန်းများနှင့် လုပ်ငန်းများ၏ပိုင်ဆိုင်မှု၊ ကတိကဝတ်ခိုင်မာမှုစသည်တို့ တိုးမြှင့်လာစေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ထောက်ခံအားပေးသူများ၏ ပညာရပ်ကြွယ်ဝမှုနှင့် အတွေ့အကြုံများကို အသုံးချနိုင်ရန်အလို့ငှာ၊ မဟာဗျူဟာအကောင်အထည်ဖော်ဆောင်မှုတွင် ယင်းတို့၏ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှုကို အားပေးရမည်ဖြစ်ပါသည်။

## ၃–၂။ နိုင်ငံအဆင့်အကောင်အထည်ဖော်မှုနည်းလမ်း

နိုင်ငံအဆင့်တွင်၊ မဟာဗျူဟာနှင့်ဆက်စပ်အမျိုးသားအဆင့် လုပ်ငန်းအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသည့် ယန္တရားမှတဆင့် လုပ်ငန်းများဆောင်ရွက်သွားရန် ရည်ရွယ်ပါသည်။ လုပ်နည်းလုပ်ဟန် သဘောသဘာဝအတိအကျမှာ နိုင်ငံများအချင်းချင်း ကွဲလွဲနိုင်ပြီး သက်ဆိုင်ရာ NAPs များမှ ဦးဆောင်လမ်းပြသွားမည် ဖြစ်ပါသည်။ အကောင်

အထည်ဖော်မည့်နည်းလမ်းစနစ်ကို အောက်ဖော်ပြပါ သဘောတရားပုံစံတွင် ပုံဖော်ထားပါသည်။




ပုံ ၇။ အမျိုးသားအဆင့်တွင် မဟာဗျူဟာအကောင်အထည်ဖော်ရေးအတွက် အဆိုပြုယန္တရားစနစ်

## ဗဟိုဌာန Focal Point

ဗဟိုဌာနသည် လောလောဆယ်အားဖြင့် HTTF ၏ ဗဟိုဌာနပင် ဖြစ်သည်။ ဗဟိုဌာနသည် အမျိုးသားအဆင့် မဟာဗျူဟာအကောင်အထည် ဖော်ရေးအတွက် တရားဝင်ဆက်သွယ်ရန်ဌာနအနေဖြင့် ဆောင်ရွက်မည်ဖြစ်ပါ သည်။ ဗဟိုဌာနသည် အောက်ပါတို့ကို ဆောင်ရွက်ရန်ဖြစ်ပါသည်။

- လုပ်ငန်းအဖွဲ့ကို လမ်းညွှန်ချက်များပေးရန်
- NAPs ဖြစ်ထွန်းတိုးတက်မှုကို ကြီးကြပ်ညွှန်ကြားရန်
- သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းအသီးသီးများအား လုပ်ငန်းကဏ္ဍနှင့် တာဝန်များ ခွဲဝေသတ်မှတ်ပေးရန်

## ရုံးလုပ်ငန်းအရာရှိ Desk Officer

ရုံးလုပ်ငန်းအရာရှိကို ဗဟိုဌာနအတွင်း သို့မဟုတ် ဗဟိုဌာနကို ကူညီပေးသည့် အခြားအဖွဲ့အစည်းအတွင်း ခန့်ထားနိုင်ပါသည်။ သူ၏အခန်းကဏ္ဍမှာ

- စီမံချက်ရေးဆွဲခြင်းနှင့်အကောင်အထည်ဖော်ခြင်းအတွက် လုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေးရန်
- သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ သတင်းအချက်အလက်များ သေချာစွာပေးပို့ရန်
- သက်ဆိုင်သော အကျိုးစီးပွားပါဝင်ပတ်သက်သူများအားလုံးသို့ သတင်းအချက်အလက်များ မပျက်မကွက်ပေးပို့ရန်
- အာဆီယံအတွင်းရေးမှူးရုံးနှင့် အခြားမိတ်ဖက်အဖွဲ့အစည်းများ၏ ညှိနှိုင်းဆွေးနွေးပွဲများ၊ အစည်းအဝေးများ အဆင်ပြေချောမွေ့စွာ ကျင်းပပေးရန်

## အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့/လုပ်ငန်းအင်အားစု (အရေးပေါ်/အမြဲတမ်း)

အဖွဲ့ဝင်များသည် အစိုးရဌာန အဖွဲ့အစည်းများ၊ သုတေသနဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ စသည်တို့မှ အဓိကအားဖြင့် ပညာရပ်ဆိုင်ရာ အကျိုးစီးပွားပါဝင်ပတ်သက်သူများ ဖြစ်သင့်ပါသည်။ ယင်းတို့၏ အခန်းကဏ္ဍမှာ

- ဗဟိုဌာနကို ပညာရပ်ဆိုင်ရာ အကြံဉာဏ်ပေးရန်
- ပညာရပ်ဆိုင်ရာ လမ်းညွှန်ချက်များ ဖော်ထုတ်ပေးရန်
- လုပ်ငန်းများတွင် အကြံဉာဏ်နှင့် အဆိုပြုချက်များပေးရန်

## ဦးဆောင်ကော်မတီ Steering Committee

ဦးဆောင်ကော်မတီတွင် မူဝါဒချမှတ်ပေးသောဌာန၊ အဖွဲ့အစည်းများနှင့် အသင့်တော်ဆုံးရွေးချယ်ထားသော အဓိကအကျိုးစီးပွား ပါဝင်ပတ်သက်သူများ ပါဝင်ရမည်။ ၎င်းတို့၏ အခန်းကဏ္ဍမှာ

- ဗဟိုဌာနနှင့် နည်းပညာလုပ်ငန်းအဖွဲ့သို့ လမ်းညွှန်ချက်များပေးရန်
- NAPs ဖွံ့ဖြိုးတိုးတက်မှု စောင့်ကြည့်ကြီးကြပ်ရန်

– သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများသို့ လုပ်ငန်းကဏ္ဍနှင့်တာဝန်များ ခွဲဝေသတ်မှတ်ပေးရန်
– NAPs လုပ်ငန်းစဉ်ကို သေချာစွာ ညှိနှိုင်းဆွေးနွေးပြီး၊ ရွေးချယ်ချမှတ်ရန်

**မိတ်ဖက်အဖွဲ့အစည်းများနှင့် ထောက်ခံအားပေးသူများ**

မိတ်ဖက်အဖွဲ့အစည်းများနှင့်ထောက်ခံအားပေးသူများသည်၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ကူညီဆောင်ရွက်ကြရန် ဖြစ်ပါသည်။

## ၃–၃။ အရင်းအမြစ်စုစည်းခြင်း

မဟာဗျူဟာ အကောင်အထည်ဖော်ရေးအတွက် အရင်းအမြစ်စုစည်းခြင်းကို အကောင်အထည်ဖော်သည့် ပထမနစ်တွင်ပင် အပြည့်အဝ ဆောင်ရွက်ထားရန် ဖြစ်ပါသည်။ (ဇယား ၂ မှ လုပ်ငန်းစဉ် ၁၃.၁.၁ တွင်ကြည့်ပါ)။ မည်သို့ပင်ဖြစ်စေ၊ မဟာဗျူဟာအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် အခြေခံအားဖြင့် ရန်ပုံငွေတောင့်တင်းသည့် အရင်းအမြစ် (၃)ခုရှိပါသည်။ ယင်းတို့မှာ သီးသန့်လုပ်ငန်းအလိုက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံး သို့မဟုတ် အချို့ထံမှ တိုက်ရိုက်ထည့်ဝင်ထားသော ရန်ပုံငွေ၊ အာဆီယံစုပေါင်းရန်ပုံငွေအရင်းအမြစ်များနှင့် ပြင်ပရန်ပုံငွေများ ဖြစ်ပါသည်။ အာဆီယံအဖွဲ့သည်၊ အာဆီယံအဖွဲ့အတွင်း ရန်ပုံငွေအရင်းအမြစ်နှင့် ပြင်ပရန်ပုံငွေများ တစ်ခုနှင့်တစ်ခု ဖြည့်စွက်ပေးရေးအတွက် အရင်းအမြစ်စုစည်းနိုင်မည့် ဤနည်းလမ်းများကို ရောနှောသည့်စနစ် ကျင့်သုံးရမည်ဖြစ်ပါသည်။

AMCs သည် အမျိုးသားအဆင့်၊ ဒေသအဆင့်၊ မဟာဗျူဟာကို အကောင် အထည်ဖော်ဆောင်ရေးအတွက် ကူညီပံ့ပိုးနိုင်ရန် လုံလောက်သည့် အရင်းအမြစ်များ ခွဲဝေသတ်မှတ်ထားမည်ဟု မျှော်လင့်ထားပါသည်။ ထို့ကြောင့်ပင်၊ သက်ဆိုင်ရာ AMCs သည်၊ APMS နှင့် NAPs တွင်ပါရှိသည့် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအစီအစဉ်များ၏ ဦးတည်ချက် အလားအလာများကို လေ့လာသိရှိထားရမည် ဖြစ်ပါသည်။ ဤနည်းအားဖြင့်၊ APMS နှင့် NAPs လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်နိုင်ရန် အမျိုးသားရန်ပုံငွေများကို လွယ်ကူသေချာစွာ သတ်မှတ်ထားနိုင်မည်ဖြစ်ပါသည်။

မဟာဗျူဟာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ကြိုတင်တွက်ဆထားပြီး သေချာမည့် ရန်ပုံငွေအရင်းအမြစ်များ ပေးအပ်နိုင်မည့် ရန်ပုံငွေထူထောင်ရေးစနစ်တစ်ခု လိုအပ်ပါသည်။(ဇယား ၂ – လုပ်ငန်းစဉ် ၁၃.၁.၃ တွင်ကြည့်ပါ)။ ဤရန်ပုံငွေစနစ်သည် အပြန်အလှန်လက်ခံနိုင်သောစံနစ်ကို အခြေခံ၍ AMCs များ၏ ထည့်ဝင်ငွေများကို အသုံးပြုသည့် အများဆိုင်ဘုံရန်ပုံငွေ အရင်းအမြစ်ပုံစံမျိုးဖြစ်နိုင်ပါသည်။

အာဆီယံအဖွဲ့၏ ဆွေးနွေးဖော် မိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားအလှူရှင်ဌာနအဖွဲ့အစည်းများမှ ထည့်ဝင်ငွေများသည် မဟာဗျူဟာအတွက် အရေးကြီးသော ရန်ပုံငွေဇစ်မြစ်တစ်ခုအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။ ဖြည့်စွက်ရန်ပုံငွေများရရှိနိုင်သော အခြားနေရာတစ်ခုမှာ ပုဂ္ဂလိကကဏ္ဍ ဖြစ်ပါသည်။

ပြင်ပမှရန်ပုံငွေရရှိရေးနှင့်လုပ်ငန်းစဉ်များအတွက် ညှိနှိုင်းရန်ပုံငွေရရှိရေးအဆင်ပြေချောမွေ့စေရန် အလှူရှင်အဖွဲ့အစည်းများနှင့် ထောက်ခံအားပေးသူများအကြား ပုံမှန်ဆွေးနွေးပွဲများ ကျင်းပပေးရန်ဖြစ်ပါသည်။ (လုပ်ငန်းစဉ် ၁၃.၁.၅ တွင်ကြည့်ပါ)။ မဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုမည့် ရန်ပုံငွေရှာဖွေပေးနိုင်ရေးအတွက်၊ အမျိုးသားအစိုးရများ၊ ပြင်ပထောက်ခံအားပေးသူများနှင့် အခြားဇစ်မြစ်များက၊ လုပ်ငန်းများတွင် လိုအပ်မည့်ရန်ပုံငွေအတွက် သီးခြားရန်ပုံငွေစာရင်းနှင့် အဆိုပြုလွှာများကို ပြုစုကြရမည်ဖြစ်ပါသည်။ (လုပ်ငန်းစဉ် ၁၃.၁.၄ တွင်ကြည့်ပါ)။

၎င်းအပြင်၊ မဟာဗျူဟာအရ၊ လုပ်ထုံးလုပ်နည်းစံနစ်များနှင့်နည်းလမ်းများကို၊ သစ်ဆွေးမြေဒေသထိန်းသိမ်းရေးနှင့် စီမံအုပ်ချုပ်မှုအတွက် အရင်းအမြစ်များ စဉ်ဆက်မပြတ်ရရှိစေရန်၊ လုပ်ထုံးလုပ်နည်းစနစ်နှင့်နည်းလမ်းများကို လေ့လာရှာဖွေဖော်ထုတ်ရန် ဖြစ်ပါသည်။ (လုပ်ငန်းစဉ် ၁၃.၁.၂၊ ၁၃.၁.၆ နှင့် ၁၃.၁.၇ တို့တွင်ကြည့်ပါ)။

## ၃–၄။ ကြီးကြပ်ကွပ်ကဲခြင်းနှင့်အကဲဖြတ်ခြင်းစနစ်

မဟာဗျူဟာအကောင်အထည်ဖော်သည့် ပထမနှစ်တွင်၊ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းစနစ်တရပ် ရေးဆွဲထားရန်ဖြစ်သည်။ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းစနစ်၏ အဓိကရည်ရွယ်ချက်မှာ မဟာဗျူဟာ အကောင်

အထည်ဖော်ဆောင်ရွက်ခြင်းကို စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ပြီး အပြစ်အနာ အဆာကင်းအောင် ဆောင်ရွက်ရန်ဖြစ်ပါသည်။ ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းနည်းစနစ်သည် ရည်မှန်းချက် ပန်းတိုင်ရောက်မရောက်၊ သေချာစွာ ဆန်းစစ်ရန်အတွက်လည်းကောင်း၊ လိုအပ်ပါက အချိန်မီပြုပြင်ပြောင်းလဲရမည့် လုပ်ဆောင်ချက်များကို ပြင်ဆင်ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ အဓိကပန်းတိုင်နှင့် ယေဘုယျရည်ရွယ်ချက် (၄)ချက်နှင့် ကိုက်ညီမှုရှိသည့် ကြိုးပမ်းချက်နှင့် လုပ်ငန်းစဉ်များဖြစ်စေရန်အတွက်လည်းကောင်း၊ ပြဿနာအခက်အခဲများနှင့် ဦးစားပေးလုပ်ငန်းများ၊ ဖော်ထုတ်ရေးအတွက်လည်းကောင်း၊ လိုကောင်းလိုမည် ဖြစ်ပါသည်။

ကြီးကြပ်ကွပ်ကဲခြင်းဆောင်ရွက်စဉ် အောင်မြင်မှု၊ မအောင်မြင်မှု သိမြင်လာမည်ဖြစ်ပြီး၊ အကဲဖြတ်ခြင်းဖြင့် ပြဿနာအခက်အခဲများ ဖြစ်စေသည့် အကြောင်းရင်း အချက်အလက်များနှင့် ယင်းကိုမည်ကဲ့သို့ ဖြေရှင်းနိုင်ခဲ့သည်ကို သိရှိမည်ဖြစ်ပါသည်။

ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းစနစ်ကို ထင်သာမြင်သာရှိမှုနှင့် တာဝန်ယူမှု စည်းမျဉ်းစည်းကမ်းများ အပြည့်အဝရှိမည့် နည်းလမ်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဖြစ်ပါသည်။

ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းကို အဆင့် (၂)ဆင့်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။

- သေးငယ်သောအဆင့် (micro level) တွင် လုပ်ငန်းစဉ်တိုင်းအတွက် ကြီးကြပ်ကွပ်ကဲခြင်းနှင့် အကဲဖြတ်ခြင်းစီမံချက်ကို ထည့်သွင်း အကောင်အထည်ဖော်ရန်
- ကျယ်ပြန့်သောအဆင့် (macro level) တွင် မဟာဗျူဟာ အကောင်အထည်ဖော်မှုတစ်ခုလုံးသည် သတ်မှတ်လမ်းကြောင်းအတိုင်းဖြစ်ပြီး၊ အဓိကပန်းတိုင်နှင့် ယေဘုယျရည်မှန်းချက် (၄)ခုကို ရရှိစေခြင်း ရှိမရှိ၊ စုစည်းအကဲဖြတ်သည့် နည်းစနစ်ဖြင့် အကောင်အထည်ဖော်ရန်

သေးငယ်သောအဆင့် (micro level) တွင်၊ လုပ်ငန်းစဉ်အသီးသီးသည် ယင်းတို့၏ရည်ရွယ်ချက်အပေါ်အခြေခံပြီး၊ ယင်းတို့အတွက် သီးသန့်အောင်မြင်မှုစံညွှန်းနှင့် ရည်မှန်းသည့်လုပ်ငန်းပမာဏများ သတ်မှတ်ထားပါသည်။

ကျယ်ပြန့်သောအဆင့် (macro level) တွင် အားလုံးခြုံငုံသုံးသပ်နိုင်ရန် ယေဘုယျစံချိန်စံညွှန်းတစ်ရပ် သတ်မှတ်ထားရန် ဖြစ်ပါသည်။ ယင်းတွင် ဆီလျော်သင့်မြတ်မှု (၂၀၂၀ခုနှစ်၊ အာဆီယံမျှော်မှန်းချက်နှင့်ယင်း၏ ကာလလတ် စီမံချက်၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘော တူညီချက်၊ ကဏ္ဍအလိုက်လိုအပ်ချက် စသည်တို့နှင့်ညီညွတ်မှု)၊ ထိရောက်မှု (ရည်ရွယ်ထားသည့်လုပ်ငန်းစဉ်၊ အကျိုးရလဒ်များရရှိသည့် ထုတ်လုပ်မှု၊ အကျိုးရရှိမှု စသည့် အောင်မြင်မှုများ)၊ စွမ်းဆောင်ရည် (ထုတ်လုပ်မှု၊ ရည်မှန်း ချက်ပမာဏရရှိရေးအတွက် လိုအပ်သောအရင်းအမြစ်၊ အဆင့်အတန်း)၊ အကျိုး သက်ရောက်မှု (၂၀၂၀ခုနှစ်၊ အာဆီယံမျှော်မှန်းချက်နှင့် ယင်း၏ကာလလတ် စီမံချက်များ၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘော တူညီချက်၊ မလိုလားအပ်သော နောက်ဆက်တွဲ ဆိုးကျိုးများဖယ်ရှားမှု စသည် တို့အပေါ် အထောက်အကူပြုမှု)နှင့် ရေရှည်တည်တံ့ခိုင်မြဲမှု (ရရှိသော ဗဟုသုတ များ ထိန်းသိမ်းနိုင်မှု၊ လက်ရှိအရင်းအမြစ်များရရှိနိုင်မှု၊ အရှိန်အဟုန် မပြတ်စေမည့် နိုင်ငံရေးလမ်းစဉ်၊ အဆက်မပြတ်အကျိုးရရှိနေမှု)။

မဟာဗျူဟာ စတင်အကောင်အထည်ဖော်စဉ်ကပင် မူလအခြေအနေ တစ်ရပ်ကို ကျယ်ပြန့်သောအဆင့်တွင် တရားဝင်သုံးသပ်ခြင်းအတွက် ကိုးကား ရည်ညွှန်းစရာတစ်ခုအဖြစ်၊ သတ်မှတ်ထားသင့်ပါသည်။ မျှတသော သုံးသပ်ခြင်း ဖြစ်စေရန်၊ သေးငယ်သော အဆင့်အကဲဖြတ်ခြင်းနှင့် ကျယ်ပြန့်သောအဆင့် အကဲဖြတ်ခြင်း (၂)ခုစလုံးအတွက် အကျိုးစီးပွားပါဝင်ပတ်သက်သူများ၏ အမြင် များ ကျယ်ကျယ်ပြန့်ပြန့်ရရှိထားရန် လိုအပ်ပါသည်။

ကျယ်ပြန့်သောအဆင့်တွင် တရားဝင်သုံးသပ်ခြင်းကို၊ ၅နှစ်တစ်ကြိမ်၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအဖွဲ့က ဆောင်ရွက်သင့်ပါသည်။ ပြန်လည် သုံးသပ်ခြင်းမှ ရရှိသော ထောက်ခံ/အကြံပြုချက်များ၊ သို့မဟုတ် မဟာဗျူဟာကို ခေတ်နှင့်အညီ နောက်ဆုံးအခြေအနေအရ ပြင်ဆင်ချက်များကို သက်ဆိုင်ရာ အာဆီယံလုပ်ငန်း အဖွဲ့အစည်းသို့ တင်သွင်းရမည်ဖြစ်ပါသည်။ နောက်ဆုံး သုံးသပ်ချက်ကို ၂၀၂၀ခုနှစ်တွင် ဆောင်ရွက်ရန်နှင့် အာဆီယံဝန်ကြီးအဆင့် ဆွေးနွေးပွဲသို့ အစီရင်ခံရန်ဖြစ်ပါသည်။

## အင်္ဂလိပ်–မြန်မာ ဘာသာပြန်ဆိုမှု

1. ASEAN Peatland Management Initiative (APMI)
   အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုအကောင်အထည်ဖော်ရေးလုပ်ငန်း
2. ASEAN Senior Officials on the Environment - Haze Technical Task Force (ASOEN-HTTF)
   အာဆီယံပတ်ဝန်းကျင်ဆိုင်ရာအဆင့်မြင့်အရာရှိကြီးများ၏ မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ကျွမ်းကျင်သူလုပ်ငန်းအဖွဲ့
3. ASEAN Secretariat
   အာဆီယံအတွင်းရေးမှူးချုပ်ရုံး
4. Global Environment Centre (GEC)
   ကမ္ဘာ့ပတ်ဝန်းကျင်ရေးရာဗဟိုဌာန
5. ASEAN Peatland Management Strategy (APMS)
   အာဆီယံသစ်ဆွေးမြေဒေသ စီမံအုပ်ချုပ်မှုမဟာဗျူဟာ
6. ASEAN Member Countries (AMCs)
   အာဆီယံအဖွဲ့ဝင်နိုင်ငံများ
7. ASEAN Ministerial Meeting on Environment (AMME)
   အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး
8. ASEAN Ministerial Meeting on Haze (AMMH)
   အာဆီယံမီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး
9. National Action Plans (NAPs)
   အမျိုးသားအဆင့်လုပ်ငန်းစီမံချက်
10. ASEAN Region
   အာဆီယံဒေသ

11. ASEAN Vision 2020
    ၂၀၂၀ခုနှစ် အာဆီယံမျှော်မှန်းချက်
12. Bali Concord II
    ဘာလီသဘောတူညီချက် ၂
13. ASEAN Security Community
    အာဆီယံလုံခြုံရေးအသိုက်အဝန်း
14. ASEAN Economic Community
    အာဆီယံစီးပွားရေးအသိုက်အဝန်း
15. ASEAN Socio-Cultural Community
    အာဆီယံလူမှုယဉ်ကျေးမှုအသိုက်အဝန်း
16. Sub-regional Fire Fighting Arrangement for Borneo (SRFA-Borneo)
    ဘော်နီယိုဒေသခွဲဆိုင်ရာ မီးသတ်လုပ်ငန်း ကြိုတင်ပြင်ဆင်ရေးအဖွဲ့
17. The Regional Haze Action Plan (RHAP)
    ဒေသတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ လုပ်ငန်းစီမံချက်
18. ASEAN Agreement on Transboundary Haze Pollution
    နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘောတူညီချက်
19. A Detailed Action Plan (DAP)
    အသေးစိတ်လုပ်ငန်းစီမံချက်
20. Detailed Implementation Plan (DIP)
    အသေးစိတ်လုပ်ငန်းအကောင်အထည်ဖော်ရေးစီမံချက်
21. Simulation Organizing Committee (SOC)
    သရုပ်ပြလေ့ကျင့်ပေးရေးကော်မတီ